# ကျွန်ုပ်တို့အား သူကျမ်းစာပေးခဲ့သည် အနက်ပြန်ခြင်းဆိုင်ရာ အခြေခံအုတ်မြစ်များ

## သင်ခန်းစာ ငါး

## အနက်အဓိပ္ပါယ်၏ခက်ခဲနက်နဲခြင်း

Manuscript

thirdmill

Biblical Education. For the World. For Free.

tတတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာ မှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဗစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်း အားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏

ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥဿုံ ခေတ်မှီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူလူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


နိဒါန်း ........ 1

ပကတိသဘော ........ 2

အဓိပ္ပါယ်များစွာ ........ 3

အနည်းကိန်းအဓိပ္ပာယ် ........ 8

ပြည့်ဝသောတန်ဖိုး ........ 13

မူလအဓိပ္ပါယ် ........ 14

ကျမ်းစာဆိုင်ရာအသေးစိတ်ဖော်ပြချက်များ ........ 16

အမိန့်တော်နှင့်အညီကျင့်သုံးမှုများ ........ 21

နိဂုံး ........ 26

# နိဒါန်း

သမ္မာကျမ်းစာဆိုင်ရာ အယူအဆရေးရာဆွေးနွေးမှုများတွင် မကြာခဏ ထွက်ပေါ်လာသော ရှေးဆိုရိုးစကားတစ်ခုရှိသည်။ ၎င်းမှာ"အဓိပ္ပာယ်တစ်ခုရှိသည်၊ သို့သော် ထိုအဓိပ္ပာယ်ကို ကျင့်သုံးမှုများ စွာရှိသည်။" ဥပမာ၊ သမ္မာကျမ်းစာသည် "ကိုယ်နှင့်စပ်ဆိုင်သောသူကို ချစ်ပါ" ဟူသော ရိုးရှင်းသော ညွှန်ကြားချက်တစ်ခုပေးထားသည်။ သို့သော် မတူညီသည့်အခြေအနေများ၌ ကိုယ်နှင့်စပ်ဆိုင်သောသူ များနှင့် ဆက်ဆံသောအခါ ဤညွှန်ကြားချက်ကို မတူညီသောနည်းလမ်းများစွာနှင့် ကျွန်ုပ်တို့၏ဘဝတွင် ကျင့်သုံးရ ပါမည် ဟူ၍ဖြစ်သည်။

ယခုတွင် ဤထိုးထွင်းသိမြင်မှုသည် အထောက်အကူဖြစ်နိုင်သကဲ့သို့ သမ္မာကျမ်းစာကို အနက်ပြန်ဆိုသည့်အခါတွင် သမ္မာကျမ်းစာပါ ကျမ်းပိုဒ်တိုင်း၏အဓိပ္ပာယ်သည် နက်နဲရှုပ်ထွေးသည် သို့မဟုတ် အမြင် ပေါင်းစုံရှိနေကြောင်း အသိအမှတ်ပြုရန် လိုအပ်ပါသည်။ ထို့ကြောင့် "အဓိပ္ပာယ်တစ်ခု ရှိသော်လည်း ကျင့် သုံးမှုများစွာရှိသည်" ဟုပြောမည့်အစား၊ အောက်ပါကဲ့သို့ပြောခြင်းသည် ပို၍ အထောက်အကူဖြစ်စေသည်_ "အဓိပ္ပာယ်တစ်ခုရှိသော်လည်း ၎င်းအဓိပ္ပာယ်တစ်ခု၏အစိတ်အပိုင်း ဆိုလိုချက်များ များစွာရှိသည်။ ထို့ပြင် အခြားသောကျင့်သုံးမှုများလည်း များစွာရှိပါသေးသည်။" သမ္မာကျမ်းစာပါ ကျမ်းပိုဒ်တိုင်း၏အဓိပ္ပါယ်သည် အလွန်နက်နဲရှုပ်ထွေးသောကြောင့် ၎င်းကို နည်းအမျိုးမျိုးဖြင့် ခြုံငုံသုံးသပ်ပြီး ကျွန်ုပ်တို့၏အသက်တာ တွင် ကျင့်သုံးသင့်သည်။

ဤသည်မှာ *ကျွန်ုပ်တို့အား သူကျမ်းစာပေးခဲ့သည်* အနက်ပြန်ခြင်းဆိုင်ရာအခြေခံအုတ်မြစ်များ အခန်းဆက်ဆောင်းပါးမှ ငါးခုမြောက်သင်ခန်းစာဖြစ်ပြီး_ "အနက်အဓိပ္ပါယ်၏ခက်ခဲနက်နဲခြင်း" ဟုခေါင်း စဉ်တပ်ထားရခြင်းမှာ ခေတ်အဆက်ဆက်ခရစ်ယာန်များသည် သမ္မာကျမ်းစာကျမ်းပိုဒ်များတွင် အဓိပ္ပါယ် အမျိုးမျိုးနှင့် အရေအတွက်များကို အမျိုးအစားခွဲခြားသတ်မှတ်ခဲ့ကြသည့်နည်းလမ်းများကို ရှာဖွေနေ သောကြောင့်ဖြစ်သည်။

သမ္မာကျမ်းစာပါ အနက်အဓိပ္ပါယ်၏ခက်ခဲနက်နဲခြင်းအကြောင်း ကျွန်ုပ်တို့၏ဆွေးနွေးချက်ကို နှစ်ပိုင်းခွဲပါမည်။ ဦးစွာ၊ သမ္မာကျမ်းစာ၏ "ပကတိသဘော" ကို အနက်ပြန်သူများ မကြာခဏ ခေါ်ဝေါ်ကြ သည့် အရာကို ကြည့်ပါမည်။ ဒုတိယ၊ ပကတိသဘောထက် ကျော်လွန်သော ကျမ်းပိုဒ်တစ်ခု၏ပြည့်ဝသော တန်ဖိုးကို နည်းလမ်းအမျိုးမျိုးဖြင့်အာရုံစိုက်ပါမည်။ သမ္မာကျမ်းစာ၏ ပကတိသဘောကို ဦးစွာကြည့်ကြပါ စို့။



ဗွီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့်အခြား အရင်းအမြစ်များအတွက် thirdmill.org တွင်သာဒေါင်းလုဒ်ဝင်ကြည့်ပါသည်။

# ပကတိသဘော

လက်တင်အသုံးအနှုန်း *sensus literalis* ဟုခေါ်သော "ပကတိသဘော" သည် ကျွန်ုပ်တို့ခေတ်တွင် "ပကတိအနက်ပြန်ဆိုခြင်း" ဟူသောအသုံးအနှုန်းနှင့် မကြာခဏ ရောထွေးနေပါသည်။ "အက္ခရာအဓိပ္ပာယ် ဖွင့်ဆိုချက်" သည် သမ္မာကျမ်းစာကိုနားလည်ရန် အသက်မပါသော သို့မဟုတ် စက်ရုပ်ကဲ့သို့ချဉ်းကပ်နည်း လမ်းများကို ရည်ညွှန်းသည်။ သို့သော် သမိုင်းအရ၊ "ပကတိသဘော" ဟူသော ဝေါဟာရသည် ခေတ်သစ် ဧဝံဂေလိယုံကြည်သူများက "မူလအဓိပ္ပာယ်" သို့မဟုတ် ကျမ်းပိုဒ်၏ "သဒ္ဒါ-သမိုင်းဆိုင်ရာအဓိပ္ပာယ်" ဟု ခေါ်သည့် အဓိပ္ပါယ်နှင့် တူညီသောအရာကို အမြဲဆိုလိုသည်။

ပကတိသဘောသည် ကျမ်းရေးသူ၏ရည်ရွယ်ချက်များနှင့် မူလပရိသတ်များ၏ သမိုင်းကြောင်း အရသမ္မာကျမ်းစာ၏စကားလုံးများနှင့် စကားစုများကို အသုံးပြုသည်။

၎င်းသည် သမ္မာကျမ်းစာရှိ မတူညီသောအမျိုးအစားများကို အာရုံစိုက်သည်။ အနည်းငယ်ဖော်ပြရ မည်ဆိုပါက၊ ၎င်းသည် ဥပမာများ၊ ပုံသဏ္ဍာန်များ၊ တူညီချက်များနှင့် အတိသယဝုတ္တိများကဲ့သို့သော စကားအလင်္ကာများကို အသိအမှတ်ပြုသည်။ သမိုင်းကို သမိုင်းအဖြစ်၊ ကဗျာကိုကဗျာအဖြစ်၊ စကားပုံကို စကားပုံအဖြစ် မှတ်ယူသည်။

> သမ္မာကျမ်းစာတွင် ကွဲပြားသောစာအုပ်အမျိုးအစားများစွာရှိပြီး၊ ၎င်းတို့ကိုနားလည်ပြီး သင့်လျော်စွာအနက်ပြန်ဆိုနိုင်စေရန်အတွက် ယင်းအမျိုးအစားများ၏ ကွဲပြားချက်များကို နားလည်ရန် အရေးကြီးပါသည်။ အမျိုးအစားအားလုံးသည် တူညီသောအရာကို တူညီသောနည်းလမ်းများစွာဖြင့် လုပ်ဆောင်နေသည်ကို ကျွန်ုပ်တို့နားမလည်ပါ။ ထို့ကြောင့် သမ္မာကျမ်းစာအုပ်များ၏အမျိုးအစားကို နားလည်ပြီး အာရုံစိုက်ခြင်းဖြင့်၊ ကျွန်ုပ်တို့သည် ကျမ်းအုပ်များကို ၎င်းတို့ကိုယ်တိုင်အနက်ပြန်ဆိုရန် အစီအစဉ်ကို ခွင့်ပြုပါသည်။
>
> **ဒေါက်တာ Brandon Crowe**

ကျမ်းပိုဒ်တစ်ခု၏ပကတိသဘောသည် စာမျက်နှာပေါ်တွင်ရေးထားသော စကားလုံးများထက် များစွာပိုမိုပါဝင်သည်ကို တွေ့မြင်သောအခါ၊ ကျမ်းပိုဒ်တိုင်း၏ *sensus literalis* သည်မည်မျှနက်နဲရှုပ်ထွေး စေနိုင်သည်ကို ကျွန်ုပ်တို့ သိရှိလာကြသည်။ ကျမ်းရေးသူများ၏ရည်ရွယ်ချက်တွင် အမြင်ပေါင်းစုံရှိသည်။ အမျိုးအစားထည့်သွင်းစဉ်းစားချက်များသည် ကျမ်းပိုဒ်တစ်ခု၏အဓိပ္ပာယ်ကို နက်နဲရှုပ်ထွေးစေသည်။ စကားအလင်္ကာများနှင့် တူညီသောအချက်များသည် ထည့်သွင်းစဉ်းစားမှုများစွာကို မိတ်ဆက်ပေးသည်။ ဤအချက်များသည် ကျမ်းပိုဒ်တိုင်း၏ မူလအဓိပ္ပါယ်၏နက်နဲရှုပ်ထွေးမှုများကို ဖော်ပြသည်။ ဤနက်နဲ

ရှုပ်ထွေးမှုများသည် အဓိပ္ပါယ်ရှိသောခရစ်ယာန်များစွာကို သမ္မာကျမ်းစာ၏အဓိပ္ပာယ်ကို မတူညီသော နည်းလမ်းများဖြင့်ချဉ်းကပ်ရန် ဖြစ်စေခဲ့သည်။

သမိုင်းတစ်လျှောက်လုံးတွင် ခရစ်ယာန်များသည် သမ္မာကျမ်းစာ၏ပကတိသဘော သို့မဟုတ် မူလအဓိပ္ပာယ်ကို ရှာဖွေရန် လိုအပ်ကြောင်း တညီတညွှတ်တည်း အတည်ပြုခဲ့ကြသည်။ သို့သော် သမ္မာကျမ်းစာ၏အဓိပ္ပာယ်သည် အလွန်နက်နဲရှုပ်ထွေးသောကြောင့် ပကတိသဘော၏ ခေါင်းစဉ်အောက် တွင် လုံလောက်စွာ ခြုံငုံသုံးသပ်၍မရနိုင်ကြောင်း ငြင်းခုံမှုများလည်း ရှိသည်။ ထို့ကြောင့်၊ သင်ခန်းစာ၏ ဤအပိုင်းတွင်၊ သမ္မာကျမ်းစာ၏ နက်နဲရှုပ်ထွေးသောအဓိပ္ပါယ်ကိုလေ့လာပြီး ကောင်းစွာသဘောပေါက် နားလည်နိုင်ရန်အတွက်၊ "ပကတိသဘော" ဟူသောအသုံးအနှုန်း၏သမိုင်းကြောင်းကို လေ့လာပါမည်။

သမ္မာကျမ်းစာပါ အနက်အဓိပ္ပါယ်၏ခက်ခဲနက်နဲခြင်းသည် ၎င်း၏ပကတိသဘောနှင့် ဆက်စပ်နေသည့်အဓိက နည်းလမ်းနှစ်ခုကို ကြည့်ပါမည်။ ဦးစွာ၊ ပကတိသဘောသည် သမ္မာကျမ်းစာ၏အဓိပ္ပာယ်များစွာအနက်မှတစ်ခုသာဖြစ်သည်ဟု ခရစ်တော်၏နောက်လိုက်အချို့ပြောဆိုကြသည်ကို တွေ့ရပါမည်။ ဒုတိယ၊ ပကတိသဘောသည် သမ္မာကျမ်းစာ၏ အနည်းကိန်းအဓိပ္ပာယ်ဖြစ်သည်ဟူသော အယူအဆကို အာရုံစိုက်ပါမည်။ ပကတိသဘောသည် သမ္မာကျမ်းစာ၏ အဓိပ္ပါယ်များစွာထဲမှ တစ်ခုသာဖြစ်သည်ဟူသော အယူအဆကို ဦးစွာကြည့်ကြပါစို့။

## အဓိပ္ပါယ်များစွာ

ကနဦးအသင်းတော်တွင်၊ သမ္မာကျမ်းစာတွင် အဓိပ္ပါယ်များစွာရှိသည်ဟူသော အယူအဆသည် အနက်ဖွင့်ခြင်းနှင့် အတ္ထုပ္ပတ္တိဆိုင်ရာချဉ်းကပ်မှုများမှ ထွက်ပေါ်လာသည်။ အတ္ထုပ္ပတ္တိဆိုင်ရာချဉ်းကပ်မှု တစ်ခုသည် သမ္မာကျမ်းစာတွင်ဖော်ပြထားသော သမိုင်းဝင်လူများ၊ နေရာများ၊ အရာများနှင့် အဖြစ်အပျက် များကို ဝိညာဉ်ရေးရာသမ္မာတရားများအတွက် သင်္ကေတများ သို့မဟုတ် ဥပမာများအဖြစ် အဓိပ္ပာယ်ဖွင့်ဆို ပေးသည့်နည်းလမ်းတစ်ခုဖြစ်သည်။ သစ်ပင်တစ်ပင်သည် နိုင်ငံတော်ကို ကိုယ်စားပြုနိုင်သည်၊ စစ်ပွဲသည် အပြစ်နှင့်ဆိုင်သော အတွင်းရေးတိုက်ပွဲကို ကိုယ်စားပြုနိုင်သည် စသည်တို့ဖြစ်သည်။ အတ္ထုပ္ပတ္တိဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များတွင် သမ္မာကျမ်းစာတွင်ဖော်ပြထားသော ရုပ်ပိုင်းဆိုင်ရာသမ္မာတရားများကို မကြာခဏ နှိမ့်ချပြီး အရေးမကြီးသော သို့မဟုတ် မမှန်ကန်ဟုပင် ပယ်ချနိုင်သည်။ ထို့ပြင် ဤရုပ်ပိုင်း ဆိုင်ရာသမ္မာတရားများကကိုယ်စားပြုသော ဝိညာဉ်ရေးအယူအဆများကို သမ္မာကျမ်းစာ၏ ပို၍အရေးကြီး သောကိစ္စများအဖြစ် သဘောထားကြသည်။

ခရစ်ယာန်အတ္ထုပ္ပတ္တိဆိုင်ရာချဉ်းကပ်မှုများသည် B.C. ၂၀ ဝန်းကျင်မှ A.D ၅၀ အတွင်းအသက်ရှင်ခဲ့ သော Alexandria မှဂျူးပညာရှင် Philo ထိတိုင်အောင်ခြေရာခံပါသည်။ ။ Philo သည် ပိုမိုမြင့်မားသော ဝိညာဉ်ရေးသမ္မာတရားများကိုဖော်ပြသည့် ဟေဗြဲသမ္မာကျမ်းများကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အတ္တုပ္ပတ္တိဆိုင်ရာအဖြစ် ရှုမြင်ခြင်း ဖြင့် ခရစ်ယာန်အတ္တုပ္ပတ္တိဆိုင်ရာနည်းလမ်းများအတွက် အုတ်မြစ်ချခဲ့သည်။

Philo ပြီးနောက်၊ အသင်းတော်၏ ကနဦးရာစုနှစ်များအတွင်း၊ ဦးဆောင်ခရစ်ယာန်ပညာရှင်များသည် သမ္မာကျမ်းစာ၏ဓမ္မဟောင်းနှင့်ဓမ္မသစ်ကိုအနက်ပြန်ခြင်းအတွက် အလားတူချဉ်းကပ်နည်းကိုယူခဲ့ကြသည်။ ဤသည်မှာ ကျောင်းသားများကို ဓမ္မပညာနှင့် ကျမ်းစာ၏အနက်ကို သင်ကြားပို့ချပေးသော အလက်ဇန္ဒြီးယားမှ Catechtical School တွင် အထူးသဖြင့်မှန်ကန်ပါသည်။

Catechetical School မှထင်ရှားသော ဆရာတစ်ဦးမှာ A.D ၁၈၅ မှ A.D ၂၅၄ ခန့်အထိ အသက်ရှင်ခဲ့ သော Origen ဖြစ်သည်။ Origen သည် သမ္မာကျမ်းစာ၏အဓိပ္ပါယ်ကို အမျိုးအစားနှစ်မျိုး ခွဲခြားထားသည်_ ပကတိသဘောနှင့် ဝိညာဉ်ရေးသဘောဖြစ်သည်။ ၂ ကောရိန္သု ၃:၆ တွင် ပေါလု၏စာနှင့် ဝိညာဉ်တော် တရား ခြားနားချက်ကို ရေးဆွဲထားရာ ကျမ်းပိုဒ်တိုင်းတွင် အဓိကအဓိပ္ပာယ်နှစ်မျိုးရှိသည်_ ကျမ်းပိုဒ်၏ အက္ခရာနှင့် ကျမ်းပိုဒ်၏ဝိညာဉ်ဖြစ်သည်ဟု Origen ဆိုသည်။ “အက္ခရာ”ဟုဆိုရာ၌၊ Origen သည် ၎င်းတို့ ၏သဒ္ဒါဆိုင်ရာအကြောင်းအရာများတွင် စကားလုံးများ၏ ရိုးရှင်းသောအဓိပ္ပာယ်ကို ဆိုလိုသည်။ ကျမ်းပိုဒ် တစ်ခု၏ "ဝိညာဉ်"ဟုဆိုရာ၌၊ စကားလုံးများ၏ ရိုးရှင်းသောသဘောကို ကျော်လွန်သွားသော ပုံဆောင် သဘောတရားများကို ဆိုလိုသည်။ Origen သည်ကျမ်းပိုဒ်၏အက္ခရာကို ၎င်း၏ ကျမ်းပိုဒ်အဓိပ္ပါယ်နှင့် ညီမျှအောင် သဘောထားကာ၊ ကျမ်းပိုဒ်အဓိပ္ပါယ်၏အခွင့်အာဏာကို ကာကွယ်ခဲ့သည်။ သို့သော် ၎င်း အပြင်၊ ရင့်ကျက်သောဝိညာဉ်ရေးယုံကြည်သူများသည် သမ္မာကျမ်းစာ၏ဝိညာဉ်ရေးသဘောကိုရှာဖွေရန် ပကတိအဓိပ္ပာယ်ကိုကျော်လွန်၍ကြည့်ရှုသင့်သည်ဟု Origen ဆိုခဲ့သည်။

ဥပမာ၊ *On First Principles* စာအုပ် ၄၊ အခန်း ၁၊ အပိုင်း ၁၆ တွင်၊ ကမ္ဘာဦးကျမ်း ၁ နှင့် ၂ ပါ ဖန်ဆင်း ခြင်းဇာတ်လမ်းများသည် အကြောင်းပြချက်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်၊ ထို့ကြောင့် ခရစ်ယာန်များသည် ၎င်းတို့၏ ပကတိသဘောကို လျစ်လျူရှုကာ နက်နဲသောဝိညာဉ်ရေးဆိုင်ရာ အဓိပ္ပါယ်များကို ရှာဖွေသင့် သည်ဟု Origen သည်ဆိုခဲ့သည်။ အံ့သြစရာမဟုတ်ပါ၊ Origen ၏အတ္တုပ္ပတ္တိဆိုင်ရာနည်းလမ်းများသည် သမိုင်းတစ်လျှောက် အကြိမ်ပေါင်းများစွာ ဝေဖန်ခံခဲ့ရသည်။ သို့သော် သူ၏ချဉ်းကပ်မှုသည် ကနဦး ခရစ်ယာန်ဘာသာတရား၏ ဦးတည်ချက်အပေါ် သိသာထင်ရှားသော သြဇာလွှမ်းမိုးမှုရှိနေဆဲဖြစ်သည်။

John Chrysostom ကဲ့သို့သော ရှေးခေတ်အနက်ပြန်သူအချို့သည် တမန်တော်ဝတ္ထုကဲ့သို့သော ကျမ်းစာဇာတ်ကြောင်းများနှင့်ပတ်သက်၍ ထက်မြက်သောထိုးထွင်းသိမြင်မှုအချို့ရှိကာ ၎င်းတို့ကို ကျမ်းပိုဒ်သဘော အရပို၍ဖတ်လေ့ရှိသည်။ ဇာတ်ကြောင်းများကို သာမာန်အားဖြင့် ဖတ်သည့်နည်းအတိုင်း၊ ကျွန်ုပ်တို့သည် ဇာတ်ကြောင်းတွင်ဖော်ပြသည်ကို ကြားသိရန်ကြိုးစားပြီး၊ ဇာတ်ကြောင်းမှ သင်ခန်းစာများ သို့မဟုတ် ကိုယ်ကျင့်တရားများကို ထုတ်ယူရန် ကြိုးစားကြသည်။ သင့်ထံတွင် Origen

> ကဲ့သို့သော ၎င်းတို့ကို အခန်းဆက်သင်္ကေတများအဖြစ် ပြောင်းလဲပေးလေ့ရှိသည့် အခြားအနက်ပြန်သူများရှိပြီး၊ ထိုနည်းစနစ်၏ အန္တရာယ်မှာ ထိုနည်းဖြင့် ဆုပ်ကိုင်ထားရန် ကျွန်ုပ်တို့အတွက်သမ္မာကျမ်းစာကို ရေးထားခြင်းမဟုတ်ပါ။ သင့်ထံတွင်ရှိသည့် ထိုနည်းလမ်းသည် ရှေးဒဏ္ဍာရီများ၊ ရှေးဒဏ္ဍာရီများမှ ရှက်ဖွယ်ကောင်းသော အရာများကိုဖယ်ရှားရန် ကြိုးစားနေသည့် ဂရိဒဿနပညာရှင်များထံမှ ဆင်းသက်လာခြင်းဖြစ်ပြီး၊ တစ်ခါတစ်ရံတွင် သမ္မာကျမ်းစာကိုချဉ်းကပ်မှုတွင် ထိုနည်းလမ်းနှင့် သက်ဆိုင်ပါသည်။ သူတို့သည် ကျမ်းပိုဒ်ကိုယ်တိုင်ပြောသည်ကို နားထောင်ဖို့ရာ မကြိုးစားတော့ပါ။ သူတို့သည် တစ်နည်းအားဖြင့် အခြားအရာတစ်ခုခုကို ဖတ်ရှုခြင်းဖြင့်၊ ပို၍စိတ်အားထက်သန် လာရန် ကြိုးစားနေကြသည်။ တစ်ချိန်တည်းမှာပင်၊ တစ်ခါတစ်ရံ Origen တွင် အမှန်တကယ် ကောင်းမွန်သော ထိုးထွင်းသိမြင်မှုအချို့ရှိတတ်ပါသည်။
>
> **ဒေါက်တာ Craig S. Keener**

Origen သည် သမ္မာကျမ်းစာကို ဝိညာဉ်ရေးဆိုင်ရာ သို့မဟုတ် အတ္တုပ္ပတ္တိဆိုင်ရာချဉ်းကပ်မှုများ အပေါ် အာရုံပြုထားခြင်းသည် ကနဦးအသင်းတော်အပေါ် Neo-Platonism ၏လွှမ်းမိုးမှုကို ထင်ဟပ်စေသည်။ ဤအမြင်တွင်၊ သမ္မာကျမ်းစာသည် သန့်ရှင်းစင်ကြယ်သည့်ကောင်းကင်နှင့်ဆိုင်သော ဝိညာဉ်တော် ဘုရားသခင်ထံမှ ဆင်းသက်လာခြင်းဖြစ်သည်။ ရလဒ်အနေနှင့်၊ သမ္မာကျမ်းစာသည် ရုပ်ဝတ္ထုလောက အကြောင်း အမှန်တကယ်သွန်သင်ခြင်းမဟုတ်ဟု ယူဆရသည်။ ကိစ္စရပ်သည်၊ ၎င်း၏သဘာဝအားဖြင့် မကောင်းမှုဖြစ်သည်။ ထို့ကြောင့်၊ သမ္မာကျမ်းစာသည် သမိုင်းတွင်ဖြစ်ပျက်ခဲ့သော ရုပ်ပိုင်းဆိုင်ရာအရာများ ကို ရည်ညွှန်းသောအခါ၊ ၎င်းတို့သည် ပိုင်းခြားသိမြင်နိုင်သော ကောင်းကင်ဆိုင်ရာသမ္မာတရားများကို ညွှန်ပြသည်။ ဤအမြင်တွင် သမ္မာကျမ်းစာ၏ စစ်မှန်သောအဓိပ္ပာယ်သည်၊ ပို၍ကြီးမြတ်သော ဝိညာဉ်ရေး သမ္မာတရားများဖြစ်ပြီး၊ ဤသမ္မာတရားများကို ပိုင်းခြားသိမြင်ခြင်းသည် သမ္မာကျမ်းစာအနက်ဖွင့်ဆိုချက်၏အမြင့်ဆုံးပန်းတိုင်ဖြစ်သည်။

ဝမ်းနည်းစရာမှာ၊ ခရစ်ယာန်ဓမ္မပညာရှင်အများအပြားသည် ဤအယူအဆများကို လက်ခံယုံကြည်ကြသည်။ သူတို့လုပ်ခဲ့သည့်အတိုင်း၊ ရုပ်ဝတ္ထုလောကနှင့်ပတ်သက်သော သမ္မာကျမ်းစာမှတ်တမ်းများနှင့်ပတ်သက်၍ ကြီးလေးသောပြဿနာများ ကြုံတွေ့ခဲ့ကြရသည်။ ဓမ္မဟောင်းကျမ်းသည် အောက်ပါ အရာများကို အာရုံစိုက်သည်_ စကြဝဠာကို ဖန်ဆင်းခြင်း၊ ဘုရားသခင့်လူမျိုး၏အသက်တာတွင် လောက ကောင်းချီးများ၊ အီဂျစ်ပြည်တွင် ကျွန်ခံခြင်းမှ ဣသရေလတို့၏ ရုပ်ပိုင်းဆိုင်ရာ လွတ်မြောက်မှုနှင့် ကတိ ထားရာပြည်တွင် ဘုရားသခင်၏လူမျိုးအတွက် မြေကြီးဆိုင်ရာနိုင်ငံတော် တည်ထောင်ခြင်း တို့ဖြစ်သည်။ ဓမ္မသစ်ကျမ်းသည် ယေရှု၏အသက်တာနှင့် တမန်တော်များ၏အသက်တာတွင် ရုပ်ပိုင်းဆိုင်ရာအဖြစ်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အပျက်များကို အာရုံစိုက်ထားသည်။ Neo-Platonism လွှမ်းမိုးမှုခံရသော ခရစ်ယာန်များအတွက်၊ ဤသမိုင်းများ၏ ရုပ်ပိုင်းဆိုင်ရာရှုထောင့်များသည် ပြဿနာရှိခဲ့သည်။ အကြောင်းမှာ သူတို့သည် ရုပ်လောက ကို ဘုရားသခင်၏ ကောင်းသည့်ဖန်ဆင်းခြင်းများအဖြစ် ပုံဖော်ထားသောကြောင့်ဖြစ်သည်။ ထို့ကြောင့်၊ သမ္မာကျမ်းစာနှင့် Neo-platonic ဒဿနိကဗေဒကို ပြန်လည်ပေါင်းစည်းရန် နည်းလမ်းအဖြစ် အတ္တုပ္ပတ္တိ ဆိုင်ရာ အနက်ဖွင့်ခြင်းဆိုင်ရာကို တောင်းဆိုခဲ့ကြသည်။ ၎င်းတို့၏အနက်ဖွင့်ခြင်းဆိုင်ရာချဉ်းကပ်မှုများ သည် သမ္မာကျမ်းစာတွင် မှတ်တမ်းတင်ထားသော ရုပ်ပိုင်းဆိုင်ရာဖြစ်ရပ်မှန်များကို နှိမ့်ချကာ၊ သွန်သင်ရန် ရည်ရွယ်ထားသည့် ပိုမိုနက်နဲသော ဝိညာဉ်ရေးသမ္မာတရားများကို ရှာဖွေရန် ခရစ်ယာန်များကို အားပေးခဲ့ သည်။

သမ္မာကျမ်းစာ၏ဝိညာဉ်ရေးသဘောကိုဖော်ပြထားကာ၊ မတူညီသောနည်းလမ်းများစွာဖြင့် အမျိုး အစားခွဲထားသည်။ ဩဇာကြီးမားသောချဉ်းကပ်မှုတစ်ခုအား *Quadriga* ဟုခေါ်သည်— မြင်းလေးကောင် ဖြင့်ဆွဲထားသောရောမရထားအတွက်လက်တင်အသုံးအနှုန်းဖြစ်သည်။ သမ္မာကျမ်းစာကို ကွဲပြားသော အဓိပ္ပာယ်လေးမျိုးဖြင့်ကျင့်သုံးထားကြောင်း ညွှန်ပြရန်အတွက် quadriga ပုံသဏ္ဍာန်ကို အသုံးပြုခဲ့သည်။

ခန့်မှန်းခြေအားဖြင့် A.D. ၃၆၀ မှ ၄၃၅ ထိအသက်ရှင်ခဲ့သော John Cassian သည် ဤချဉ်းကပ်ပုံကို သူ၏ *Conferences,* ကွန်ဖရင့် ၁၄၊ အခန်း ၈ တွင် အသေးစိတ်ဖော်ပြခဲ့သည်။ Cassian သည် Origen ၏ ပကတိနှင့် ဝိညာဉ်ရေးသဘောများကြားတွင် အခြေခံခြားနားချက်ကို လိုက်နာခဲ့သည်။ သို့သော် သူသည် ဝိညာဉ်ရေးဆိုင်ရာ အဓိပ္ပါယ်သုံးမျိုးကို ဖော်ထုတ်ခြင်းဖြင့် ၎င်းကိုကျော်လွန်ခဲ့သည်_ကျမ်းပိုဒ်တစ်ခု၏ အယူဝါဒဆိုင်ရာ သွန်သင်ချက်ဖြစ်သည့် အတ္တုပ္ပတ္တိဆိုင်ရာသဘော၊ ကျမ်းပိုဒ်တစ်ခု၏ ကိုယ်ကျင့်တရား ဆိုင်ရာ သွန်သင်ချက်ဖြစ်သည့် နည်းလမ်းဆိုင်ရာသဘော၊ ကောင်းကင်ဘုံနှင့် နောက်ဆုံးသောကာလ ဆိုင်ရာကယ်တင်ခြင်းအကြောင်း ကျမ်းပိုဒ်၏သွန်သင်ချက်ဖြစ်သည့် အနာဂတ်ဆိုင်ရာသဘောတို့ ဖြစ်သည်။

ဥပမာအားဖြင့်၊ *Quadriga* အရ၊ သမ္မာကျမ်းစာတစ်ပိုဒ်သည် "ယေရုရှလင်" ကိုဖော်ပြထားသော အခါ ကိုးကားချက်ကို လေးမျိုးဖြင့် နားလည်နိုင်သည်။ ၎င်း၏ပကတိသဘောအရ ၎င်းသည်အစ္စရေးနိုင်ငံ၏ရှေးဟောင်းမြို့တော်ဖြစ်သည်။ ၎င်း၏အတ္တုပ္ပတ္တိဆိုင်ရာသဘောအရ၊ ၎င်းသည် အသင်းတော်၏ ခရစ်ယာန်အယူဝါဒကို ရည်ညွှန်းသည်။ ၎င်း၏အနာဂတ်ဆိုင်ရာသဘောအရ၊ ယေရုရှလင်သည် သစ္စာရှိ ယုံကြည်သူ သို့မဟုတ် လူ့စိတ်ဝိညာဉ်၏ကိုယ်ကျင့်တရားဆိုင်ရာအရည်အသွေးများဖြစ်နိုင်သည်။ ၎င်း အနာဂတ်ဆိုင်ရာသဘောအရ၊ ၎င်းသည် ဗျာဒိတ်ကျမ်းတွင်ဖော်ပြထားသော ကောင်းကင်မြို့ဖြစ်နိုင်သည်။

ယခုအခါတွင်၊ ကျမ်းစာအနက်ပြန်သူများသည် သမ္မာကျမ်းစာကျမ်းပိုဒ်တစ်ခု၏ ဝိညာဉ်ရေးဆိုင်ရာ အဓိပ္ပာယ်များကို ၎င်း၏ကျမ်းပိုဒ်အဓိပ္ပာယ်နှင့် မည်မျှနီးကပ်စွာ ချိတ်ဆက်သင့်သည်ကို ရာစုနှစ်များ တစ်လျှောက် အချေအတင်ဆွေးနွေးခဲ့ကြသည်ကို သတိပြုရန် အရေးကြီးပါသည်။ အချို့က အဓိပ္ပါယ် အားလုံးသည် ပကတိအဓိပ္ပါယ်နှင့် ဆက်စပ်နေသည်ဟု စောဒကတက်ကြသော်လည်း၊ အချို့က ကျမ်းပိုဒ် များ၏သဘောတရားတစ်ခုစီသည် အခြားအရာများနှင့်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကင်းကွာသည်ဟု ဆိုကြသည်။ သူတို့သည် ပကတိ သဘောနှင့်မသက်ဆိုင်သော ကွယ်ဝှက်ထားသော ဝိညာဉ်ရေးဆိုင်ရာအဓိပ္ပါယ်များကို နှစ်သက်ကြသည်။

ဥပမာတစ်ခုအနေနှင့်၊ ၁၀၉၀ မှ ၁၁၅၃ ခုနှစ်အတွင်း အသက်ရှင်ခဲ့သော Clairvaux မှ ဩဇာကြီးသော ပြင်သစ်ဓမ္မပညာရှင် Bernard သည် သမ္မာကျမ်းစာ၏ စိတ်ကူးယဉ်ဆန်သော အဓိပ္ပာယ်ဖွင့်ဆိုချက် အချို့ကို ၎င်း၏ပကတိသဘောမှကင်းကွာစေကာ သမ္မာကျမ်းစာကို မြှင့်တင်ခဲ့သည်။ ဥပမာ၊ ရှောလမုန် သီချင်းကို သူ၏အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ကျမ်းပိုဒ်၏ ပကတိသဘောနှင့် လုံးဝသက်ဆိုင်ခြင်းမရှိပါ။

ရှောလမုန်သီချင်း ၁:၁၇ မှ ဤစကားလုံးများကို နားထောင်ပါ_

> ငါတို့ဗိမာန်တိုင်သည် အာရဇ်ပင်၊ အမိုးသည် ထင်းရှူးပင်ဖြင့် ပြီးသတည်း (ရှောလမုန်သီချင်း ၁:၁၇)။

ဤကျမ်းပိုဒ်ကို ၎င်း၏သမိုင်းကြောင်းအရ ကျွန်ုပ်တို့ဖတ်ရှုသောအခါ၊ ၎င်းသည် ရှောလမုန်၏ အမှန်တကယ်နန်းတော်အကြောင်း ဖော်ပြချက်ဖြစ်သည်ကို သိမြင်ရန် မခက်ခဲပါ။ ၎င်းသည် နန်းတော်၏ အံ့သြဖွယ်ရာများကို အာရုံစူးစိုက်ခြင်းဖြင့် ဘုရင်မင်းမြတ်ကို ချီးမြှောက်ခဲ့သည်။

သို့သော် Clairvaux မှ Bernard သည် ဤကျမ်းပိုဒ်၏ ပကတိ၊ သဒ္ဒါ-သမိုင်းဆိုင်ရာသဘောသည် သူ၏အဓိပ္ပာယ်ဖွင့်ဆိုချက်အပေါ် ထိန်းချုပ်ရန် ခွင့်မပြုပါ။ သူ၏အမြင်အရ၊ ဤကျမ်းပိုဒ်သည် ဝိညာဉ်ရေး ဆိုင်ရာ ဖြစ်ရပ်မှန်များကို အမှန်တကယ် ကိုယ်စားပြုသည်။ ဗိမာန်တော်သည် ဘုရားသခင်၏လူများကို ကိုယ်စားပြုသည်။ ဗိမာန်တော်တိုင်နှင့် အမိုးများသည် အသင်းတော်အာဏာပိုင်များနှင့် သက်ဆိုင်သည်။ ဤကျမ်းပိုဒ်သည် အသင်းတော်နှင့် နိုင်ငံတော် အချင်းချင်း ယှဉ်တွဲလုပ်ဆောင်ရပုံကို သင်ကြားပေး ကြောင်း သူသည်ဆက်လက်ဖော်ပြသည်။ ဤကျမ်းပိုဒ်တွင် သူတွေ့ရှိခဲ့သော ဝိညာဉ်ရေးဆိုင်ရာအဓိပ္ပါယ် များသည် ၎င်း၏ ပကတိသဘောမှ သို့မဟုတ် ပူးပေါင်းဆောင်ရွက်ခြင်းမှ ထွက်ပေါ်လာခြင်း မဟုတ် ကြောင်း Bernard ယူဆခဲ့သည်။

> ကမ္ဘာဦးကျမ်းအကြောင်း Martin Luther ၏ ဟောပြောချက်တွင်၊ သူသည် ဤအတ္ထုပ္ပတ္တိဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုမှုပုံစံအကြောင်း ပြောသည် — သာဓကအားဖြင့် ကျွန်ုပ်ဆိုလိုသည်မှာ စာရေးသူရည်ရွယ်ထားသော အတ္ထုပ္ပတ္တိကိုမဟုတ်ဘဲ ကျမ်းပိုဒ်တစ်ခုယူ၍ စာရေးသူမရည်ရွယ်သော နည်းလမ်းဖြင့် အလေးအနက်ထားခြင်းကို ဆိုလိုခြင်းဖြစ်သည်။ သူငယ်ရွယ်စဉ်တွင်၊ သူသည် ၎င်းနှင့်ပတ်သက်၍ အလွန်ကျွမ်းကျင်ကြောင်းနှင့် လက်ခုပ်သံများလည်း များစွာရခဲ့ကြောင်း Luther ဆိုသည်။ သို့သော် ၎င်းသည် သမ္မာကျမ်းစာအပေါ် သစ္စာမရှိပါ။ Calvin သည်လည်း ကျမ်းစာပေါ်တွင် ပျားဖယောင်းလိမ်းထားသကဲ့သို့ဖြစ်ပြီး စာရေးသူအပေါ် သစ္စာရှိခြင်းထက် အနက်ပြန်သူလိုချင်သည့်ပုံစံအတိုင်း လေ့လာနိုင်သည်ဟု ဤအတ္ထုပ္ပတ္တိ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> အကြောင်းပြောဆိုသည်... သို့သော်၊ အသင်းတော်ဖခင်များကို လေ့လာခြင်းသည် တန်ဖိုးရှိသည်ဟု ကျွန်ုပ်မြင်ပါသည်။ Luther သည် ၎င်းတို့ကို ပြစ်တင်ဝေဖန်သည့်တိုင် ကောင်းစွာလေ့လာသည်။ သူတို့ထံမှ ကျွန်ုပ်တို့သင်ယူကြသည်၊ သူတို့သည် စစ်မှန်သောအယူဝါဒများကို မကြာခဏလွဲမှားစွာခံယူပြီး ကျမ်းပိုဒ်များတွင်မပြောသောအရာပေါ်တွင် ထပ်မံဖြည့်ဆည်းကြသည်၊ သူတို့၏ကြိုးစားမှုကို ကျွန်ုပ်တို့နားလည်ပါသည်။ ဓမ္မဟောင်းကျမ်းကို မည်သို့အဓိပ္ပာယ်ဖွင့်ဆိုရမည်နှင့် ဓမ္မဟောင်းကျမ်းသည်ခရစ်ယာန်များအတွက် သက်ဆိုင်ကြောင်း နားလည်ရန်သူတို့ကြိုးပမ်းကြသည်၊ သူတို့သည်ထိုအရာ၌ မကြာခဏ လမ်းလွဲသွားသည်ဟု ကျွန်ုပ်ထင်ပါသည်။ ထို့ကြောင့် သမ္မာကျမ်းစာကို သူတို့အနက်ပြန်ဆိုပုံအကြောင်း ကျွန်ုပ်တို့ လေ့လာနိုင်ပါသည်။ ထို့အပြင် အသင်းတော်သမိုင်းတစ်လျှောက် ကျွန်ုပ်တို့လေ့လာသင်ယူနိုင်သည့် အနက်ပြန်ဆိုခြင်းဆိုင်ရာ ဥပမာများစွာလည်း ရှိပါသည်။
>
> **ဒေါက်တာ Robert L. Plummer**

သမ္မာကျမ်းစာတွင် အဓိပ္ပာယ်များစွာပါရှိသည်ဟူသော အယူအဆသည် မျက်မှောက်ခေတ်တွင် ကျယ်ပြန့်စွာလက်ခံမှုရှိခဲ့သော်လည်း အများအားဖြင့် မတူညီသောအကြောင်းပြချက်များကြောင့်ဖြစ်သည်။ ဘုရားသခင်သည် အဆင့်များစွာတွင် ဆက်သွယ်ရန် သမ္မာကျမ်းစာကို ပုံစံပြုထားကြောင်း ငြင်းခုံမည့်အစား၊ ခေတ်သစ်အနက်ပြန်သူများစွာသည် သမ္မာကျမ်းစာ၏အဓိပ္ပါယ်များစွာကို မူလဘာသာစကားကိုယ်တိုင်၏ အဓိပ္ပါယ်နက်နဲရှုပ်ထွေးမှုများကြောင့် ဖြစ်ပေါ်လာသည်ဟု ယုံကြည်ကြသည်။ ဘာသာစကား သည် အလွန်နက်နဲရှုပ်ထွေးသောကြောင့် ၎င်းတွင် တိကျသောအဓိပ္ပါယ်တစ်ခုတည်းကို မည်သည့်အခါမှ မရနိုင်ကြောင်း ငြင်းခုံကြသည်။ ထို့အတွက်ကြောင့်၊ ကျွန်ုပ်တို့လုပ်နိုင်သော အကောင်းဆုံးအရာမှာ သမ္မာ ကျမ်းစာကျမ်းပိုဒ်၏ အဓိပ္ပာယ်အချို့ကို မရေရာသောကန့်သတ်ချက်များ သို့မဟုတ် နယ်နိမိတ်များကို ဆုံးဖြတ်ရန်ဖြစ်သည်။ သို့သော် ဤအမြင်တွင်၊ သမ္မာကျမ်းစာ၏ဤအဓိပ္ပါယ်များစွာကို အတည်မပြုနိုင်ဘဲ၊ လူတစ်ဦးမှဤအရာကိုဆိုလိုပြီး အခြားသူတစ်ဦးမှ ထိုအရာကိုဆိုလိုသည်ဟု ဆုံးဖြတ်သည့်အခါ ၎င်းတို့ကို လက်ခံရမည်ဖြစ်သည်။

ခရစ်ယာန်များစွာသည် သမ္မာကျမ်းစာ၏ပကတိသဘောကို ၎င်း၏အဓိပ္ပာယ်များစွာထဲမှတစ်ခု အဖြစ် ယုံကြည်ကြသည်ကို ယခုကျွန်ုပ်တို့သိမြင်ပြီးနောက်၊ ပကတိသဘောသည် သမ္မာကျမ်းစာ၏ အနည်းကိန်းအဓိပ္ပာယ်ဖြစ်သည်ဟူသော အယူအဆကို သုံးသပ်ကြပါစို့။

## အနည်းကိန်းအဓိပ္ပာယ်

၁၂၂၅ မှ ၁၂၇၄ ခုနှစ်ဝန်းကျင်တွင် အသက်ရှင်ခဲ့သော နာမည်ကျော် ဓမ္မပညာရှင် Thomas Aquinas သည် Quadriga ကို ပိုမိုတာဝန်ရှိသောချဉ်းကပ်မှုဖြင့် အနိုင်ယူခဲ့သည်။ သူ၏ဆက်ခံသူများ၊



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ခေတ်ပြိုင်များ နှင့်မတူဘဲ၊ သမ္မာကျမ်းစာ၏ပကတိသဘောသည် ၎င်း၏အခြားသဘောတရားအားလုံးအတွက် အခြေခံ ဖြစ်သည်ဟု သူအခိုင်အမာဆိုခဲ့သည်။ ဥပမာအားဖြင့်၊ သူ၏ *Summa Theologica* အပိုင်း ၁၊ မေးခွန်း ၁၊ ဆောင်းပါး ၁၀ တွင်၊ ဝိညာဉ်ရေးရာအဓိပ္ပာယ်ဖွင့်ဆိုချက်တိုင်းသည် ကျမ်းပိုဒ်တစ်ခု၏ပကတိသဘော အရ အမြစ်တွယ်နေကြောင်း အခိုင်အမာဆိုခဲ့သည်။ ယုံကြည်ခြင်းအတွက် မလိုအပ်သော မည်သည့်အရာကိုမျှ ဝိညာဉ်ရေးရာအဓိပ္ပာယ်အဖြစ် သမ္မာကျမ်းစာမည်သည့်နေရာများတွင်မှ သွန်သင်ခြင်းမပြုဘဲ ပကတိ သဘောဖြင့်သာ ပြောဆိုကြောင်းကိုလည်း သွန်သင်ခဲ့သည်။ Aquinas သည် သမ္မာကျမ်းစာကို အဓိပ္ပာယ် ပြန်ဆိုရာတွင် ဤမူများကို အမြဲလိုက်နာကြောင်း ပညာရှင်အားလုံး သဘောတူကြမည်မဟုတ်ပါ။ မည်သို့ပင်ဆိုစေကာမူ၊ ကျမ်းပိုဒ်တစ်ခု၏သဘောတရားတိုင်းသည် ၎င်းကျမ်းပိုဒ်၏အဓိပ္ပါယ်နှင့် မူအရ ဆက်စပ်မှုရှိခြင်းကို သူအခိုင်အမာဆိုသည်။

သမ္မာကျမ်းစာ၏ပကတိအဓိပ္ပယ်တွင် ဝိညာဉ်ရေးဆိုင်ရာအဓိပ္ပါယ်များကို ခိုင်မြဲစေရန် Aquinas ၏ကြိုးပမ်းအားထုတ်မှုများသည် ကျွန်ုပ်တို့အများစုအတွက် သာမာန်သဘောဟုထင်ရသော်လည်း သူ၏ အမြင်ကို လူတိုင်းလက်ခံကျင့်သုံးခြင်းမရှိပေ။ ကျမ်းပိုဒ်များ၏ပကတိအဓိပ္ပါယ်မှ အဆက်ဖြတ်ထားသော ဝိညာဉ်ရေးဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို အလယ်ခေတ်အသင်းတော်၏အယူဝါဒများစွာကို ပံ့ပိုးရန် အတွက် အသုံးပြုခဲ့သည်။ သမ္မာကျမ်းစာ၏ ပကတိအဓိပ္ပာယ်နှင့် ဆက်နွှယ်မှုမရှိသော ဘုရားပေးထား သည့်ဝိညာဉ်ရေးဆိုင်ရာ အထူးထိုးထွင်းဉာဏ်များရှိကြောင်း အသင်းတော်အာဏာပိုင်များက အခိုင်အမာ ပြောဆိုသည်။

သို့သော် ဆယ့်လေးရာစုမှ ဆယ့်ခုနစ်ရာစုအတွင်း ဥရောပရှိပြန်လည်ထူထောင်ရေးသမားများ သည် သမ္မာကျမ်းစာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် သိသာထင်ရှားသည့် အပြောင်းအလဲကာလကို ချမှတ်ခဲ့ သည်။ အတိုချုပ်အားဖြင့်၊ ပြန်လည်ထူထောင်ရေးပညာရှင်များသည် ၎င်းတို့၏ မူလဘာသာစကားဖြင့် ဂန္ထဝင်စာပေ၊ ဒဿနနှင့် ဘာသာရေးဆိုင်ရာကျမ်းပိုဒ်များကို စတင်လေ့လာခဲ့ကြသည်။ ၎င်းတို့သည် အသင်းတော်၏အခွင့်အာဏာမှလွဲ၍ ဤကျမ်းပိုဒ်များ၏ပကတိ၊ သမိုင်းသဘောတရားကို မီးမောင်းထိုး ပြခြင်းဖြင့် ဤကျမ်းပိုဒ်များကို အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ ဤချဉ်းကပ်နည်းကို သမ္မာကျမ်းစာတွင် ကျင့်သုံး ခဲ့သည်မှာ မကြာသေးပါ။ ဤအဓိပ္ပာယ်ပြန်ဆိုခြင်းနည်းဗျူဟာသည် ကျွန်ုပ်တို့ခေါ်ဝေါ်သည့် ကျမ်းပိုဒ်များ ၏မူလအဓိပ္ပာယ်နှင့် ပကတိသဘောကို ညီမျှစေသည်။ ၎င်းသည် ဤပကတိ၊ မူလအဓိပ္ပာယ်၏ဗဟိုအခွင့် အာဏာနှင့် မူလအဓိပ္ပာယ်ကို အလေးထားပါသည်။

> အလယ်ခေတ်အသင်းတော်တွင်၊ သမ္မာကျမ်းစာပါ ဘုရားသခင့်ရည်ရွယ်ချက် အပြည့်အဝကို လေးပိုင်းချဉ်းကပ်နည်းဖြင့် သိရှိကြောင်း ယုံကြည်သူအများစုက အခိုင်အမာပြောကြသည်_ ပကတိ၊ အနာဂတ်ဆိုင်ရာနှင့် အတ္ထုပ္ပတ္တိဆိုင်ရာ ကိုယ်ကျင့်တရားဖြစ်သည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့အများစု "ပရိုတက်စတင့်များ" ဟုခေါ်သော ၁၆ ရာစု၏ ပြုပြင်ပြောင်းလဲရေးသမားများသည် ဤအချက်ကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သဘောတရားအရ ကန့်ကွက်ခဲ့ကြသော်လည်း၊ အထူးသဖြင့် အချို့သော အကြောင်းအရာများတွင် ၎င်းတို့ခံစားရသော သင်ကြားမှုအစဉ်အလာ တစ်ခုဖြစ်သည့် သမ္မာကျမ်းစာ၏ဖောက်ပြန်ခြင်း သို့မဟုတ် အသင်းတော်၏ အခွင့်အာဏာကို မျက်နှာသာပေးခြင်းဖြင့် သမ္မာကျမ်းစာ၏ မူလရည်ရွယ်ချက် သို့မဟုတ် ကျမ်းရေးသူ၏ရည်ရွယ်ချက်ကို နားလည်ရန်မလွယ်ခဲ့ပါ။

**ဒေါက်တာ James D. Smith III**

*Quadriga* သို့မဟုတ် သမ္မာကျမ်းစာ၏သဘောတရားလေးမျိုးတွင် ခရစ်ယာန် အသင်းတော်အတွင်း ရှည်လျားပြီး ရှေးကျသော သမိုင်းနှင့် အစဉ်အလာတစ်ခု ရှိသည်...ထို့ကြောင့်၊ ပြုပြင်ပြောင်းလဲရေးဖခင်များသည် ပြုပြင်ပြောင်းလဲရေး ကာလတွင် ၎င်းတို့၏ ကက်သလစ်ဘာသာဝင်အချို့က ၎င်းကို တွန်းအားပေးခဲ့ကြသည်၊ အဘယ်ကြောင့်ဆိုသော် ပြုပြင်ပြောင်းလဲရေးသမားများ သည် သမ္မာကျမ်းစာအတွက် သဘောတရား သို့မဟုတ် အဓိပ္ပာယ်တစ်ခုသာ ရှိသည်ဟု အခိုင်အမာပြောဆိုနေကြသောကြောင့် ဖြစ်သည်။ သို့သော်၊ ဥပမာအားဖြင့်၊ William Whittaker ကဲ့သို့သောလူများက ကျွန်ုပ်တို့သည် သမ္မာကျမ်းစာတွင် သဘောတရားလေးမျိုးရှိသည်ဟု ခံယူထားသော *Quadriga* ကို ငြင်းပယ်ခြင်းမပြုပါ၊ သမ္မာကျမ်းစာတွင် အဓိပ္ပာယ်လေးမျိုး သို့မဟုတ် သဘောတရားများလေးမျိုးရှိသည်ဟူသော အယူအဆကိုငြင်းပယ်ခြင်း ဖြစ်သည်ဟု ပြောခဲ့သည်။ ။ တစ်ခုသာလျှင်ရှိသည်၊ ၎င်းသည်သမိုင်းဆိုင်ရာ၊ ပကတိနှင့် သဒ္ဒါဆိုင်ရာဖြစ်သည်။ သို့သော် အခြားသုံးမျိုးမှာ စုစည်းမှု သို့မဟုတ် ယနေ့ကျွန်ုပ်တို့ ထင်မြင်ယူဆနိုင်သည့် ကျင့်သုံးမှုများဖြစ်ပြီး ၎င်းတို့နှင့် တူညီသောတစ်စုံတစ်ရာဖြစ်သည်။ အယူအဆမှာ ၎င်းတို့သည် ထိုသဘောမျိုးတွင် အခြေခံထားကြောင်း၊ သို့သော် ၎င်းတို့သည် ယနေ့ သမ္မာကျမ်းစာဖတ်ရှုသူ ကျွန်ုပ်တို့အနေနှင့် ၎င်းသဘောတရားတစ်ခုအပေါ် မည်သို့သက်ရောက်ကြောင်း စဉ်းစားရန် သင့်လျော်သောအမျိုးအစားများဖြစ်သည်။ ထို့ကြောင့် *Quadriga* အားလုံးဝငြင်းပယ်ခြင်း မဟုတ်ဘဲ ၎င်းကိုပြန်လည်ပြုပြင်ခြင်း၊ ပြန်လည် တည်ဆောက်ခြင်းဖြစ်ပြီး၊ ယုံကြည်ခြင်း၊ မျှော်လင့်ချက်နှင့် ချစ်ခြင်းအဓိပ္ပာယ် သုံးရပ်ဖြင့် ယခုကျင့်သုံးသည့်အခါ ၎င်းတွင် တစ်ခုတည်းသောသဘောတရား ရှိနေပါသည်။

**ဒေါက်တာ Bruce Baugus**

ပြန်လည်ထူထောင်ရေးကာလအတွင်း၊ ပရိုတက်စတင့်များသည် Aquinas မှ အနိုင်ယူခဲ့သော အယူအဆများကို ဆက်လက်တိုးတက်စေခဲ့သည်။ သို့သော် ဝိညာဉ်ရေးဆိုင်ရာ အဓိပ္ပါယ်များအားလုံးသည် သမ္မာကျမ်းစာ၏ ပကတိအဓိပ္ပာယ်၌အခြေခံဖြစ်ကြောင်း ၎င်းတို့အငြင်းအခုံမရှိခဲ့ကြပေ။ ယင်းအစား၊ မူလ ပရိသတ်အတွက် စာရေးသူရည်ရွယ်ထားသည့် ကျမ်းပိုဒ်တစ်ခု၏ဝိညာဉ်ရေးဆိုင်ရာ ရှုထောင့်အားလုံး သည် အမှန်တကယ်အားဖြင့် ၎င်း၏ ကျမ်းပိုဒ်၏ ပကတိသဘောတရားဆိုင်ရာရှုထောင့်များဖြစ်သည်ဟု ဆိုကြသည်။ သမ္မာကျမ်းစာ၏ပကတိသဘော သို့မဟုတ် မူလအဓိပ္ပာယ်သည် အနည်းကိန်းနှင့် နက်နဲ ရှုပ်ထွေးသည်ဟု သူတို့ယုံကြည်ကြသည်။ ပြန်လည်ထူထောင်ရေး ပရိုတက်စတင့်များသည် "ပကတိ" ဟူသော ဝေါဟာရ၏သဘောတရားကို ကျယ်ပြန့်စွာ ချဲ့ထွင်ထားသောကြောင့် ကျမ်းရေးသူသည် သမ္မာ ကျမ်းစာ၏ "စာပေဆိုင်ရာ" ကို ဖော်ပြရန် ရည်ရွယ်ထားသမျှကို ထည့်သွင်းထားသည်ဟု ဆိုနိုင်သည်။ ရလဒ်အနေဖြင့် Ulrich Zwingli, Martin Luther နှင့် John Calvin ကဲ့သို့သော ထိပ်တန်းပုဂ္ဂိုလ်များသည် သမ္မာကျမ်းစာကျမ်းပိုဒ်တစ်ခုစီ၏ ဆိုလိုရင်းအားလုံးအပါအဝင် ပကတိ သို့မဟုတ် မူလအဓိပ္ပာယ်ကို တွေးတောခဲ့ကြသည်။ သမိုင်းဆိုင်ရာ၊ အယူဝါဒ၊ ကိုယ်ကျင့်တရားနှင့် အနာဂတ်ဆိုင်ရာရှုထောင့်များ ပါဝင်သည့် နက်နဲရှုပ်ထွေးသောအဓိပ္ပာယ်အဖြစ် ပကတိသဘောကို သူတို့မြင်ကြသည်။

၎င်းသည် ဖြတ်ထားသောကျောက်မျက်ရတနာနှင့် နှိုင်းယှဉ်ခြင်းဖြင့် သမ္မာကျမ်းစာ၏ ပကတိ သဘောတရားဆိုင်ရာ ပရိုတက်စတင့်အယူအဆကို သရုပ်ဖော်ရန် အထောက်အကူဖြစ်နိုင်ပါသည်။ ဖြတ်တောက်ထားသော ကျောက်မျက်များတွင် "ရှုထောင့်များ" သို့မဟုတ် "မျက်နှာများ" အများအပြား ရှိသကဲ့သို့၊ သမ္မာကျမ်းစာ၏ပကတိသဘောတရားကို အထောက်အကူပြုသည့် သေးငယ်သော သဘောတရားများစွာရှိသည်။ ကျမ်းပိုဒ်တစ်ခုစီတိုင်းသည် သမိုင်းဆိုင်ရာဖြစ်ရပ်မှန်များ၊ အယူဝါဒများ၊ ကိုယ်ကျင့်တရားဆိုင်ရာတာဝန်များ၊ ကယ်တင်ခြင်း နှင့် အနာဂတ်ဆိုင်ရာစသည့်အကြောင်း အရာများကို ဆက်သွယ်ရန် စာရေးသူရည်ရွယ်ထားသည်။

ထို့အပြင်၊ ကျောက်မျက်ရတနာတစ်ခု၏ အသွင်အပြင်တစ်ခုစီသည် ကျောက်မျက်တစ်ခုလုံး၏ အလှကို ပံ့ပိုးပေးသည့် ကွဲပြားသောမျက်နှာပြင်များဖြစ်ပြီး၊ မျက်နှာပြင်တစ်ခုသည် ကျောက်တုံးတစ်တုံး ဟု မဆိုနိုင်ပေ။ အလားတူပင်၊ သမ္မာကျမ်းစာကျမ်းပိုဒ်များသည် ပကတိသဘော၏အဓိပ္ပာယ်ကို ထောက်ကူပေးသည့် ကွဲပြားသောသွင်ပြင်လက္ခဏာများရှိပြီး၊ ယင်းသေးငယ်သော ရှုထောင့်တစ်ခုသည် ပကတိသဘောတစ်ခုလုံးဟု မယူဆနိုင်ပါ။

ရိုးရှင်းစွာပြောရလျှင်၊ သမ္မာကျမ်းစာ၏အဓိပ္ပါယ်တွင် အမြင်ပေါင်းစုံရှိသည်။ ကျမ်းပိုဒ်တစ်ပိုဒ်ချင်း စီ၏အဓိပ္ပါယ်တွင် ပကတိသဘောတရားဟု ကျွန်ုပ်တို့ခေါ်သော အနည်းကိန်းနှင့် ပေါင်းစည်းထားသော အဓိပ္ပါယ်ကို အထောက်အကူဖြစ်စေသော သေးငယ်သော အစိတ်အပိုင်းများ သို့မဟုတ် ရှုထောင့်များစွာ ရှိသည်။

> သမ္မာကျမ်းစာသည် ကြွယ်ဝသောစာအုပ်ဖြစ်သည်။ ၎င်းသည် လေးနက်သော စာအုပ်ဖြစ်သည်။ ဘုရားသခင်၏စိတ်နှလုံးမှလာသည်၊ ဘုရားသခင်၏



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> စိတ်နှလုံးသည် အလွန်ကျယ်ပြောသည်၊ ထုတ်ဖော်ပြသသည့် အယူအဆများ
> သည်ကျယ်ပြောပြီး ရှုထောင့်များစွာရှိသည်...ထို့ကြောင့်
> အဓိပ္ပာယ်ဖွင့်ဆိုချက်များ ကို အကဲဖြတ်ခြင်းသည် ရိုးရှင်းစွာထိုင်ပြီး
> ဤရှုထောင့်သည် ကျမ်းပိုဒ်ကိုဖတ်ရန်
> သင့်လျော်သောနည်းလမ်းဖြစ်ပါသလားဟု မိမိကိုယ်ကိုမေးခြင်းသာဖြစ်သည်
> ...ထို့ကြောင့် အယူအဆများကို ရှုထောင့်အမျိုးမျိုးမှ ကြည့်ခြင်း၏ဆက်စပ်မှုတွင်
> များပြားနိုင်ခြေနှင့် သင့်လျော်မှု၏ သတ်မှတ်ချက်များတွင် ရွေးချယ်စရာများမှ
> တဆင့် စဉ်းစားရန်သာ လိုအပ်ပြီး၊ အဓိပ္ပါယ်သည် နက်နဲရှုပ်ထွေးနိုင်သည်ဟု
> ဖြစ်နိုင်ခြေကို ဖွင့်ဆိုပါ။ ရလဒ်အနေနှင့်၊ ကျမ်းပိုဒ်တစ်ခုသည် ကနဦးနားလည်မှု၊
> ကျွန်ုပ်တွင်ရှိနိုင်သည့် ကနဦးထင်မြင်ချက်ထက် ပိုမိုလုပ်ဆောင်နိုင်သောကြောင့်
> ၎င်းသည် သင့်အနက်ပြန်ခြင်းကို အမှန်တကယ် ကြွယ်ဝစေပါသည်။

**ဒေါက်တာ Darrell L. Bock**

သိသာထင်ရှားသောအရွယ်အစားရှိသော ကျမ်းပိုဒ်တိုင်းသည် ဓမ္မပညာနှင့် ခရစ်ယာန်အသက်တာအတွက် များစွာသက်ရောက်မှုရှိသည်။ ထို့ကြောင့်၊ သမ္မာကျမ်းစာကျမ်းပိုဒ်များသည် အဓိပ္ပါယ်များစွာ ရှိသည်ဟု အသင်းတော်သမိုင်းတစ်လျှောက် လူများစွာကအဘယ်ကြောင့်ယူဆကြသည်ကို နားလည်ရန် လွယ်ကူစေပါသည်။ သို့သော် သမ္မာကျမ်းစာ၏ကြွယ်ဝခြင်းအတွက် တာဝန်အရှိဆုံးချဉ်းကပ်မှုမှာ သမ္မာကျမ်းစာကျမ်းပိုဒ်တစ်ခုနှင့်ပတ်သက်ပြီး ကျွန်ုပ်တို့ပြောသမျှသည် ရှေးခေတ်ကာလ၏ သမိုင်းဆိုင်ရာ အကြောင်းအရာအတွင်း သတ်မှတ်ထားသော ၎င်း၏သဒ္ဒါနှင့်ဆက်စပ်ကြောင်း သေချာစေရန်ဖြစ်သည်။ ဤနည်းဖြင့် သမ္မာကျမ်းစာကို ကျွန်ုပ်တို့ချဉ်းကပ်ပါက၊ ဘုရားသခင်နှင့် ကိုယ်တော်၏မှုတ်သွင်းခံလူသား ကျမ်းရေးသူများသည် သမ္မာကျမ်းစာ၏မူလပရိသတ်များထံ ဆက်သွယ်ပြောဆိုရန် ရည်ရွယ်ထားသည့် နက်နဲရှုပ်ထွေးသောအဓိပ္ပာယ်ကို ရှာဖွေတွေ့ရှိရန် ပိုမိုကောင်းမွန်စွာ ပြင်ဆင်နိုင်မည်ဖြစ်သည်။

သမ္မာကျမ်းစာတွင် အနက်အဓိပ္ပါယ်၏ခက်ခဲနက်နဲခြင်းနှင့်ပတ်သက်၍၊ ကျွန်ုပ်တို့၏ဆွေးနွေးမှုတွင် ယခုအချိန်အထိ ပရိုတက်စတင့်များသည် သမ္မာကျမ်းစာပကတိသဘော၏အရေးပါမှုနှင့် နယ်ပယ်ကို အဘယ်ကြောင့်အလေးအနက် အခိုင်အမာအတည်ပြုကြသည်ကို ကျွန်ုပ်တို့ တွေ့ရှိခဲ့ရသည်။ ထို့ကြောင့် ဤအချိန်တွင်၊ ကျွန်ုပ်တို့သည် ကျမ်းပိုဒ်များ၏ပြည့်ဝသောတန်ဖိုးကို အာရုံစိုက်ရန် အသင့်ဖြစ်နေပြီဖြစ် သည်။

# ပြည့်ဝသောတန်ဖိုး

ရံဖန်ရံခါ၊ ဧဝံဂေလိယုံကြည်သူများသည် သမ္မာကျမ်းစာ၏ "ပြည့်ဝသောသဘောတရား" ဟု အဓိပ္ပာယ်ရသော *sensus plenior* အသုံးအနှုန်းကို အသုံးပြုကြသည်။ သမ္မာကျမ်းစာ၏ပကတိသဘောတရား သို့မဟုတ် မူလအဓိပ္ပာယ်ကို ကျွန်ုပ်တို့အတည်ပြုနေချိန်တွင်၊ သမ္မာကျမ်းစာ၏နောက်ပိုင်းအပိုင်းများသည် ပကတိ သို့မဟုတ် မူလသဘောတရားကို ထပ်ခါတလဲလဲမဖော်ပြသည့်နည်းလမ်းများဖြင့် သမ္မာကျမ်းစာ၏ကနဦးအပိုင်းများကို မကြာခဏရည်ညွှန်းလေ့ရှိကြောင်းကိုလည်း ကျွန်ုပ်တို့သိရှိနား လည်ပါသည်။ ဤသည်မှာဓမ္မဟောင်းကျမ်းသည် ခရစ်တော်၌ မည်သို့ပြည့်စုံကြောင်းကို ဓမ္မသစ်ကျမ်း ရေးသူများက ထောက်ပြသောအခါ အထူးသဖြင့်မှန်ကန်ပါသည်။ ဓမ္မသစ်ကျမ်းစာရေးသူများသည် ဓမ္မဟောင်းကျမ်းပိုဒ်များကို မှန်ကန်စွာ အနက်ပြန်ဆိုကြသည်။ ၎င်းတို့၏မူလအဓိပ္ပါယ်ကို မည်သည့်အခါတွင်မှ ဆန့်ကျင်မှုမရှိ။ သို့သော် ၎င်းတို့သည် ၎င်းတို့၏မူလအဓိပ္ပာယ်ကို ကန့်သတ်ထားခြင်းမရှိပေ။ ယင်းအစား၊ ဤဓမ္မဟောင်းကျမ်းပိုဒ်များအတွက် ပိုမိုပြည့်ဝသော သဘောတရား *sensus plenior* ကို ပိုင်းခြားသိမြင်လာကြသည်။ ထို့ကြောင့်၊ ဤအခြေအနေများနှင့်အတူ၊ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာ ကျမ်းပိုဒ်တိုင်း၏ "ပြည့်ဝသောသဘော" သို့မဟုတ် "ပြည့်ဝသောတန်ဖိုး" အကြောင်း ပြောပါမည်။

ဤအခန်းဆက်ဆောင်းပါးတွင်၊ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကျမ်းပိုဒ်တစ်ခု၏ တန်ဖိုးအပြည့်အစုံကို အောက်ပါအတိုင်း သတ်မှတ်ဖော်ပြပါမည်_

> ၎င်း၏မူလအဓိပ္ပာယ်၊ ၎င်း၏သမ္မာကျမ်းစာ အသေးစိတ်ဖော်ပြချက်များနှင့် ၎င်း၏အမိန့်တော်နှင့်အညီကျင့်သုံးမှုတို့ အားလုံးပါဝင်သော ကျမ်းပိုဒ်တစ်ခု၏အထူးအရေးပါမှုဖြစ်သည်။

မူလအဓိပ္ပာယ်သည် ကျမ်းပိုဒ်၏ပကတိသဘောဖြစ်ပြီး၊ ကျမ်းပိုဒ်၏အခြေခံအကျဆုံးကဏ္ဍဖြစ်သည်။ သမ္မာကျမ်းစာ၏အသေးစိတ်ဖော်ပြချက်များသည် သမ္မာကျမ်းစာ၏အခြားအစိတ်အပိုင်းတစ်ခုအား တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေ မှတ်ချက်ပေးသည့်နေရာများဖြစ်သည်။ အမိန့်တော်နှင့်အညီ ကျင့်သုံးမှုများသည် ၎င်း၏စာဖတ်သူများ၏အသက်တာအတွက် ကျမ်းဂန်တွင်ပါရှိသောသက်ရောက်မှုများ ဖြစ်သည်။

သမ္မာကျမ်းစာ၏ပြည့်ဝသောတန်ဖိုး၏ ဤအဓိပ္ပါယ်ဖွင့်ဆိုချက်နှင့်အညီ ကျွန်ုပ်တို့၏ဆွေးနွေးခြင်း ကို သုံးပိုင်းခွဲပါမည်။ ပထမဦးစွာ၊ မူလအဓိပ္ပါယ်၏သဘောတရားကို ကျွန်ုပ်တို့အာရုံစိုက်ပါမည်။ ဒုတိယ၊ ကျွန်ုပ်တို့သည် ကျမ်းစာဆိုင်ရာ အသေးစိတ်ဖော်ပြချက်များကို ဆွေးနွေးပါမည်။ တတိယ၊ ကျွန်ုပ်တို့၏ အသက်တာအတွက် သမ္မာကျမ်းစာ၏အမိန့်တော်နှင့်အညီကျင့်သုံးမှုများကို လေ့လာပါမည်။ မူလအဓိပ္ပာယ်ဖြင့် စကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# မူလအဓိပ္ပါယ်

ယခင်သင်ခန်းစာတစ်ခုတွင်၊ ကျွန်ုပ်တို့သည် မူလအဓိပ္ပာယ်ကို အောက်ပါအတိုင်းသတ်မှတ်ထားသည်-

> အယူအဆများ၊ အပြုအမူများနှင့် စိတ်ခံစားမှုများသည် ၎င်း၏ပထမဆုံး စာဖတ်သူပရိသတ်ထံ ဘုရားသခင်နှင့် လူသားကျမ်းရေးသူများ အတူရည်ရွယ်သည့်အထောက်အထားများဖြစ်သည်။

ကျွန်ုပ်တို့ပြောခဲ့သည့်အတိုင်း၊ စာပိုဒ်တစ်ပိုဒ်၏ မူလအဓိပ္ပာယ်သည် ၎င်း၏ ပကတိသဘောနှင့် ညီမျှသည်။ ဤအဓိပ္ပါယ်ဖော်ပြသည့်အတိုင်း၊ မူလအဓိပ္ပာယ်သည်အမြင်ပေါင်းစုံရှိသည်။ သမ္မာကျမ်းစာသည် အဆင့်များစွာတွင် ၎င်း၏ပထမဆုံးပရိသတ်ထံ ဆက်သွယ်ပြောဆိုသည်ဟု ယူဆနိုင်သည်။ ၎င်းသည် ကျမ်းပိုဒ်တွင်ရှိသော မူလပရိသတ်များအသိအမှတ်ပြုနိုင်သင့်သည့် အယူအဆများကို ဆက်သွယ်ပေးသည်။ ၎င်းသည် ကျမ်းပိုဒ်တွင်ရှိသော လုပ်ဆောင်သည်ဖြစ်စေ မလုပ်ဆောင်သည်ဖြစ်စေ လှုပ်ရှားမှုများဖြစ်သည့် အပြုအမူများကို ဆက်သွယ်ပေးသည်။ ၎င်းသည် ကျမ်းပိုဒ်တွင်ဖော်ပြထားသော စိတ်လှုပ်ရှားမှုများ၊ စိတ်သဘောထားများနှင့် ခံစားချက်များကို ဆက်သွယ်ပေးသည်။

ထွက်မြောက်ရာ ၂၀:၁၃ တွင်ဖော်ပြထားသော အယူအဆများ၊ အပြုအမူများနှင့် စိတ်ခံစားမှုများကို ကျမ်းပိုဒ်တစ်ခုက မည်သို့ဆက်သွယ်နိုင်သည်ကို ဥပမာပြကြပါစို့-

> လူ့အသက်ကို မသတ်နှင့် (ထွက်မြောက်ရာ ၂၀:၁၃)။

မူလအဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်ပတ်သက်၍ ဤကျမ်းပိုဒ်ကို စဉ်းစားကြည့်ကြပါစို့။ ဘုရားသခင်နှင့် လူသားကျမ်းရေးသူများသည် လူသတ်မှုဆန့်ကျင်ရေးပညတ်ကို ၎င်း၏ပထမဆုံးသောပရိသတ်အား ဆက်သွယ်ရန်အတွက် မည်သည့်အယူအဆများ၊ အပြုအမူများနှင့် စိတ်ခံစားမှုများဖြင့် ပူးတွဲရည်ရွယ်ခဲ့သနည်း။ အယူအဆများနှင့်ပတ်သက်၍ ဤကျမ်းပိုဒ်သည် လူ့အသက်သတ်ခြင်းကို တားမြစ်ထားသည်ဟု အတိအလင်းဖော်ပြသည်။ ဆိုလိုသည်မှာ၊ လူ့အသက်သည် ဘုရားသခင်အတွက် အဖိုးတန်သည်ဟု အဓိပ္ပာယ်ရသည်။ ဘုရားသခင်သည် လူသားများအပေါ်တွင် အချုပ်အခြာအာဏာရှိသည်ဟူသော ပညတ် ချက်တစ်ခု၏ပုံစံကို ဆိုလိုသည်။

အပြုအမူများနှင့် ပတ်သက်၍၊ ဤပညတ်တော်သည် ဘုရားသခင်၏ သမိုင်းဝင်လုပ်ဆောင်ချက်များ၏ မှတ်တမ်းတစ်စိတ်တစ်ပိုင်းဖြစ်သည်—ဤပညတ်တော်ကို မောရှေအား အပ်နှံသည့်အပြုအမူတွင် ဘုရားသခင်ကိုယ်တော်တိုင် ပါဝင်ခဲ့ပြီး မောရှေက ယင်းကို ဘုရားသခင့်လူမျိုးအား တင်ပြခဲ့သည်။ မောရှေ သည် တောကန္တာရကိုဖြတ်၍ ကတိထားရာပြည်သို့ ပို့ဆောင်ပေးသောလူများကို—ထွက်မြောက်ရာကျမ်း ၏မူလပရိသတ်— လူသတ်မှုကျူးလွန်ခြင်းမပြုရန် ဘုရားသခင်အလိုရှိကြောင်း ၎င်းသည်ဖော်ပြသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

စိတ်ခံစားမှုများနှင့်ပတ်သက်၍ ဘုရားသခင်သည် လူသတ်မှုကို မုန်းတီးကြောင်းနှင့် တရားမျှတမှုကို ထောက်ခံရန် စိတ်ပိုင်းဖြတ်ထားကြောင်း ဤကျမ်းပိုဒ်ဖော်ပြသည်။

လူသတ်မှုဆန့်ကျင်ရေး ပညတ်တော်၏ မူလအဓိပ္ပာယ်မှာ အမြင်ပေါင်းစုံဖြစ်ပြီး၊ ဘုရားသခင်နှင့် မောရှေ၏ ရှင်းလင်းပြတ်သားသော အယူအဆများ၊ အပြုအမူများနှင့် စိတ်ခံစားမှုများကို ၎င်း၏မူလ ပရိသတ်ထံ ဆက်သွယ်ပေးရန်နှင့် ၎င်းတို့၏ကိုယ်ပိုင်အယူအဆများ၊ အပြုအမူများနှင့် စိတ်ခံစားမှုများနှင့် ပတ်သက်၍ ၎င်းတို့ထံမှ ဘုရားသခင်လိုအပ်သည်များကို သင်ကြားပေးရန် ရည်ရွယ်ပါသည်။ သမ္မာကျမ်း စာကျမ်းပိုဒ်တိုင်းတွင် အလားတူမှန်ကန်ပါသည်။

ရလဒ်အနေဖြင့်၊ ကျမ်းပိုဒ်၏ပြည့်ဝသောတန်ဖိုးကိုရရှိလိုပါက မူလအဓိပ္ပာယ်၏ နက်နဲရှုပ်ထွေးမှုများကို တန်ဖိုးထားရမည်ဖြစ်သည်။ ဤနက်နဲရှုပ်ထွေးမှုများကို လျစ်လျူရှုပါက၊ ကျွန်ုပ်တို့အား သမ္မာကျမ်းစာသွန်သင်ပေးသည့် အရာအများအပြားကို လွဲချော်မည်ဖြစ်သည်။

> ပြုပြင်ပြောင်းလဲရေးသမားများသည် ကျမ်းပိုဒ်ကို အနက်ပြန်ဆိုရန် နည်းလမ်းနှစ်ခုကို ဖော်ထုတ်ခဲ့သည်_ သဒ္ဒါနည်းနှင့် သမိုင်းကြောင်းဖြစ်သည်။ တဖက်တွင်၊ ကျမ်းပိုဒ်သည်သဒ္ဒါနည်းအရ မည်သည့်အရာကိုပြောသနည်းဟု မေးကြသည်။ အခြားတစ်ဖက်တွင်၊ ၎င်း၏ပထမအဆင့်တွင် မည်သည့်အရာကိုပြောခဲ့သနည်း။ ထိုမေးခွန်းများအတွက် အဖြေနှစ်ခုသည် ကန့်သတ်ချက်များအတိုင်း ပေးပါသည်။ ထိုခြိစည်းရိုးများအတွင်း၊ အမျိုးမျိုးသော အဓိပ္ပာယ်ဖွင့်ဆိုချက်များသည် အမိန့်တော်နှင့်ညီသည်၊ ဆိုလိုသည်မှာ ထိုကန့်သတ်ချက်များအတွင်း ကျွန်ုပ်တို့ ပြောသည့်အတိုင်း နှိမ့်ချမှုရှိရန်လိုအပ်သည်၊ ၎င်းကို အခြားနည်းဖြင့်လည်း နားလည်နိုင်သည်။ ယခု၊ ထိုအဓိပ္ပာယ်ဖွင့်ဆိုချက်များထဲမှ တစ်ခုသည် သဒ္ဒါနည်းအရ အမှန်တကယ်မဖြစ်နိုင်ပါက၊ ကျွန်ုပ်တို့သည် မဟုတ်ဘူး၊ မှားသည်ဟု ဆိုသည်။ သို့မဟုတ် သမိုင်းကြောင်းအရမဖြစ်နိုင်ပါက— ၎င်းတို့သည် ထိုအခြေအနေတွင် ထိုသို့ဆိုလိုခြင်း မဖြစ်နိုင်ဘဲ—ယင်းကို ပယ်ပစ်ရန်ဖြစ်သည်။ သို့သော် ၎င်းကန့်သတ်ချက်နှစ်ခုအတွင်း၌ အမျိုးမျိုးသောအဓိပ္ပာယ် ဖွင့်ဆိုမှုများသည် ဖြစ်နိုင်ပြီး၊ ကျွန်ုပ်တို့၏ကိုယ်ပိုင်နားလည်မှုနှင့်ပတ်သက်၍ နှိမ့်ချမှုရှိဖို့လိုသည်။
>
> **ဒေါက်တာ John Oswalt**

> သမ္မာကျမ်းစာကို နည်းလမ်းတစ်ခုထက်ပို၍ မျှတစွာဖတ်ရှုနိုင်သည်။ ယခု၊ ၎င်းသည် မည်သည့်အရာမှဖြစ်မလာဟု မဆိုလိုပါ။ တစ်ချို့အရာတို့သည် ရှင်းလင်းစွာ သိသာထင်ရှားပါသည်။ ဥပမာအားဖြင့်၊ ဤသည်မှာအယူဝါဒများတွင် ဖော်ပြထားသော အဓိကအကြောင်းအရာများသည် အလွန်အထောက်အကူ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ဖြစ်စေသည့်နေရာဖြစ်သည်။ ယုံကြည်ခြင်းစည်းမျဉ်းသည် သမ္မာကျမ်းစာကို များယွင်းစွာဖတ်ရှုခြင်းမှ ကျွန်ုပ်တို့ကိုကာကွယ်ပေးသည်...ကျွန်ုပ်တို့သည် အခြားသောကျမ်းစာအနက်ပြန်သူနှင့် အပြန်အလှန်ဆွေးနွေးသောအခါ အခြေခံအားဖြင့် အမှားအယွင်းတစ်စုံတစ်ရာ ရှိပါသည်၊ အယူဝါဒဆိုင်ရာ မာနစိတ်ဓာတ်ဖြင့် ပြုလုပ်ခြင်းပင်ဖြစ်သည်။

**ဒေါက်တာ Carey Vinzant**

မူလအဓိပ္ပာယ်သည် သမ္မာကျမ်းစာ၏ပြည့်ဝသောတန်ဖိုးကို မည်သို့အထောက်အကူပြုသည်ကို ယခုကျွန်ုပ်တို့တွေ့မြင်ရပြီဖြစ်၍၊ သမ္မာကျမ်းစာ၏အသေးစိတ်အချက်အလက်များကို အာရုံစိုက်ကြည့်ကြ ပါစို့။

# ကျမ်းစာဆိုင်ရာအသေးစိတ်ဖော်ပြချက်များ

ကျမ်းစာဆိုင်ရာအသေးစိတ်ဖော်ပြချက်များမှာ_

> သမ္မာကျမ်းစာ၏အစိတ်အပိုင်းတစ်ခုအား တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သော နည်းဖြင့် အခြားကျမ်းပိုဒ်များ၏အဓိပ္ပာယ်ကို ရှုထောင့်တစ်ခုမှ မှတ်ချက်ပေးခြင်း ဖြစ်သည်။

သမ္မာကျမ်းစာအားလုံးသည် မှုတ်သွင်းခံဖြစ်ပြီး အမှားအယွင်းမရှိသောကြောင့်၊ ဤအသေးစိတ်ဖော်ပြချက်များသည် မူလအဓိပ္ပာယ်နှင့် အမြဲကိုက်ညီပါသည်။ တခါတရံ၊ အသေးစိပ်ဖော်ပြချက်သည် မူလအဓိပ္ပာယ်၏အသွင်အပြင်ကို အကြိမ်ကြိမ်ဖော်ပြသည်။ အခြားအချိန်များတွင်၊ သမ္မာကျမ်းစာကို အသေးစိတ်ဖော်ပြချက်တစ်ခုအဖြစ် လုံးဝပေါ်လွင်ထင်ရှားခြင်းမရှိသော သို့မဟုတ် ကောင်းစွာနားလည် သဘောပေါက်ခြင်းမရှိသည့်အရာများကို ရှင်းလင်းချက်အဖြစ် ဖော်ပြနိုင်သည်။ အခြားအချိန်များတွင်၊ သမ္မာကျမ်းစာကို အသေးစိတ်ဖော်ပြခြင်းသည် သီးခြားကျမ်းပိုဒ်တစ်ခု၏အဓိပ္ပာယ်ကို ချဲ့ထွင်နိုင်သည်။

ဥပမာ၊ သမ္မာကျမ်းစာသည် နေရာများစွာတွင် လူသတ်မှုကိုဆန့်ကျင်သည့် ပညတ်တော် အကြောင်း အသေးစိတ်ဖော်ပြထားသည်။ ထွက်မြောက်ရာ ၂၀:၁၃ တွင် ပညတ်တော်ကိုပထမဆုံး မှတ်တမ်းတင်ထားသည်_

> လူအသက်ကို မသတ်နှင့် (ထွက်မြောက်ရာ ၂၀:၁၃)။

ကျွန်ုပ်တို့ဖော်ပြမည့် ဤကျမ်းပိုဒ်၏ ပထမဆုံးသော ကျမ်းစာအသေးစိတ်ဖော်ပြချက်သည် အဓိက အားဖြင့် ဣသရေလလူမျိုးအား ပညတ်တော်ဆယ်ပါး၏အကြောင်းအရာကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

မောရှေသတိပေးခဲ့သည့် တရားဟောရာ ၅ ပါ စကားလုံးအတိအကျကို ထပ်ခါတလဲလဲဖော်ပြခြင်းဖြစ်သည်။ တရားဟောရာ ၅:၁၇ တွင် ထပ်မံဖော်ပြထားသည်မှာ–

> လူအသက်ကို မသတ်နှင့် (တရားဟောရာ ၅:၁၇)။

ဤထပ်တလဲလဲပြောဆိုခြင်းဖြင့် ပညတ်တော်ကို အတည်ပြုပြီး ကိုယ်တော်၏ပဋိညာဉ်၏ စည်းကမ်းချက်များအကြောင်း ဘုရားသခင့်လူမျိုးတော်ကို သတိပေးခဲ့သည်။ မှန်ပါသည်၊ အသေးစိတ် အချက်အလက်တစ်ခုကို ထပ်တလဲလဲဖော်ပြထားသည့်တိုင် ယင်းသည် ယခင်ပြောခဲ့သည့်အရာများ ထပ်မဖြစ်ပါ— အသေးစိပ်ဖော်ပြချက်၏ ဆက်စပ်အကြောင်းအရာသည် ၎င်း၏အဓိပ္ပါယ်ကို အမြဲထည့် သွင်းထားသည်။ မည်သို့ပင်ဆိုစေကာမူ၊ အချို့သောအသေးစိတ်ဖော်ပြချက်များသည် ပုံစံဖြင့် အကြိမ်ကြိမ် ဖြစ်နေကြောင်း အသိအမှတ်ပြုရန် အထောက်အကူဖြစ်စေပါသည်။

ကျွန်ုပ်တို့ဖော်ပြထားသော ဒုတိယအမျိုးအစားသည် ရှင်းလင်းချက်ဖြစ်ပြီး၊ တောလည်ရာကျမ်း ၃၅ တွင် လူသတ်ခြင်းဆိုင်ရာ ပညတ်တော်၏ရှင်းလင်းချက်ကို ကျွန်ုပ်တို့ တွေ့ရှိရသည်။ ထိုအခန်းတွင် မောရှေသည် လူသတ်မှုနှင့် မတော်တဆ လူသတ်မှုကြားကို ပိုင်းခြားထားသည်။ တောလည်ရာကျမ်း ၃၅:၂၀-၂၅ တွင် မောရှေရေးထားသည်ကို နားထောင်ပါ–

> သူတပါးကို အငြိုးထား၍ တွန်းချသော်၎င်း၊ သေစေခြင်းငှါ ချောင်းမြောင်း၍ တစုံတခုနှင့် ပစ်သော်၎င်း၊ သေစေခြင်းငှါ မုန်းသောစိတ်ရှိ၍ လက်နှင့်ရိုက် သော်၎င်း၊ ထိုသို့ပြုသောသူသည် လူသတ်ဖြစ်သော ကြောင့်၊ အသေသတ်ခြင်းကို အမှန်ခံရမည်။... သို့မဟုတ် မုန်းသောစိတ်မရှိဘဲ အမှတ်တမဲ့ တွန်းချသော်၎င်း၊ မချောင်းမြောင်းဘဲ တစုံတခုနှင့် ပစ်မိသော်၎င်း၊ သူ၏ရန်သူမဟုတ်၊ မုန်းသောစိတ်မရှိ၊ သူ့ကို မမြင်ဘဲလျက် သေအောင် ကျောက်ခဲနှင့် ပစ်မိသော်၎င်း၊...သတ်သောသူကို သေစားသေစေသောသူ၏ လက်မှနှုတ်သဖြင့်၊ (တောလည်ရာကျမ်း ၃၅:၂၀-၂၅)။

ဤရှင်းလင်းချက်သည် လူသတ်မှုဆန့်ကျင်ရေးအမိန့်တော်ကို နားလည်ရန် အရေးကြီးသော အချက်အလက်များကို ပေးသည်။ လူတစ်ဦးအား ဥပဒေမဲ့လူသတ်ခြင်း၏ဖြစ်ရပ်တိုင်းသည် လူသတ်မှု တစ်ခုမဟုတ်သကဲ့သို့၊ မတော်တဆမှုများအား လူသတ်မှုဖြင့် အပြစ်ပေးသည့်နည်းအတိုင်း အပြစ်မပေး သင့်သည်ဟု ရှင်းလင်းစွာ ဖော်ပြထားသည်။ လူသတ်ခြင်းတွင် "ကြိုတင်ကြံစည်မှု" ပါဝင်သည့်အခါ၊ ဆိုလိုသည်မှာ လူသတ်ခြင်းသည် ရည်ရွယ်ချက်ရှိစွာနှင့် ဆိုးသွမ်းမှုဖြင့် လှုံ့ဆော်သောအခါ၊ ပညတ်တော် သည် ပြင်းထန်သောပြစ်ဒဏ် လိုအပ်သည်။ သို့သော် လူသတ်မှုသည် မတော်တဆ လူသတ်မှုဖြစ်သော အခါ၊ လူသတ်မှုကို ကျူးလွန်သူအား သတ်ခြင်းမှ တားမြစ်ထားသော အမိန့်ဖြစ်သည်။

ကျွန်ုပ်တို့ဖော်ပြထားသော ကျမ်းစာအသေးစိတ်ဖော်ပြချက်၏ တတိယအမျိုးအစားမှာ ချဲ့ထွင် ခြင်းဖြစ်ပြီး၊ ၎င်းတွင် ကျမ်းပိုဒ် သို့မဟုတ် ၎င်းကိုကိုးကားသည့်အကြောင်းအရာနှင့်ပတ်သက်သော အခြား အချက်အလက်များကို သမ္မာကျမ်းစာက ထောက်ပံ့ပေးသည်။ မဿဲ ၅ တွင်

လူသတ်မှုဆန့်ကျင်ရေး ပညတ်တော်၏ ချဲ့ထွင်မှုကိုတွေ့ရှိရပြီး၊ ယေရှုသည် သူ၏ခေတ် ပညတ်တော်၏နယ်ပယ်ကို မှားယွင်းစွာ ကန့်သတ်ခြင်းအတွက် ရဗ္ဗိများကိုဝေဖန်ခဲ့သည်။ မဿဲ ၅:၂၁-၂၂ တွင် လူသတ်ခြင်းဆိုင်ရာ ပညတ်တော် အကြောင်း ယေရှုသွန်သင်ထားသည်ကို နားထောင်ပါ_

> လူအသက်ကို မသတ်ရ။ သတ်သောသူသည် ရုံး၌အပြစ်စီရင်ခြင်းကို ခံထိုက်ပေ၏ဟူသော ရှေးပညတ်စကားကို သင်တို့ကြားရပြီ။ ငါပညတ်သည်ကား၊ ညီအစ်ကိုကို အထောက်မတန် အမျက်ထွက်သောသူသည် ရုံး၌အပြစ်စီရင်ခြင်းကို ခံထိုက်ပေ၏ (မဿဲ ၅:၂၁-၂၂)။

ဤတွင်၊ ယေရှုသည် လူ့အသက်ကို တရားမဝင် သတ်ဖြတ်ခြင်း၏ရုပ်ပိုင်းဆိုင်ရာ လုပ်ရပ်ကိုကျော် လွန်၍ လူသတ်မှုနှင့်ဆန့်ကျင်သည့် ပညတ်တော်ကို ချဲ့ထွင်ခဲ့သည်။ ယေရှု၏အသေးစိတ်ဖော်ပြချက်အရ၊ မတရားသောဒေါသသည် လူသတ်ခြင်း၏ တူညီသောနိယာမကို ချိုးဖောက်ခြင်းဖြစ်သည်။ ဒေါသသည် လူသတ်မှုကဲ့သို့ မဆိုးရွားသော်လည်း၊ ၎င်းသည် ဘုရားသခင်၏စရိုက်လက္ခဏာကို ထိခိုက်စေသည်။

> တောင်ပေါ်တရားဒေသနာတွင် ယေရှုသည် ပညတ်ချက်များစွာကို မိန့်ကြားတော်မူပြီး၊ ယင်းတို့အနက်တစ်ခုမှာ "လူအသက်ကို မသတ်ရ။ သတ်သောသူသည် ရုံး၌အပြစ်စီရင်ခြင်းကို ခံထိုက်ပေ၏ဟူသော ရှေးပညတ်စကားကို သင်တို့ကြားရပြီ။" ထို့နောက် ကိုယ်တော်က "၎င်းသည် လူသတ်သည်မဟုတ်၊ မုန်းတီးမှုဖြစ်သည်ဟုဆိုသည်။ ၎င်းသည် အဓိကအကြောင်းရင်းဖြစ်သည်။" ထို့ကြောင့် တောင်ပေါ်တရားဒေသနာ၌ သခင်ယေရှုကို လေ့လာခြင်းသည် ပညတ်တော်များ၏စစ်မှန်သော အဓိပ္ပါယ်ကိုနားလည်ရန် ကျွန်ုပ်တို့အတွက် မယုံနိုင်လောက်အောင် အရေးကြီးသည်၊ အကြောင်းမှာ ထိုအရာအတွက် သခင်ယေရှု လုပ်ဆောင်နေသည်ဟု ထင်ပါသည်...သခင်ယေရှုသည်အကြောင်းရင်း၏ အဓိကထဲသို့ ရောက်နေသည်။ သခင်ယေရှုကျွန်ုပ်တို့ကိုပြသနေသောအရာမှာ — ယေရှုပြောနေသည်ကိုသာလျှင် ကျွန်ုပ်တို့လိုက်နာရမည်ဟုထင်သည် — လူသတ်မှုဆိုင်ရာ ပညတ်ချက်ဖြစ်ပြီး၊ ကျွန်ုပ်သည်လူသတ်မှု မကျူးလွန်ခဲ့ပါ၊ ပညတ်ချက်တို့ကို စောင့်ထိန်းသောကြောင့် ကျွန်ုပ်သည် လူကောင်းတစ်ယောက်ဖြစ်သည်ဟူသောအချက်နှင့် ၎င်းသည်မသက်ဆိုင်ပါ။ သခင်ယေရှုပြောသောအရာသည် ဤအရာဖြစ်သည်... လူသတ်မှုသည် စိတ်နှလုံးထဲ၌ဖြစ်ပေါ်လာသော ရည်ရွယ်ချက်နှင့် မုန်းတီးခြင်းပင်ဖြစ်သည်။
>
> **ဒေါက်တာ Brian J. Vickers**

> သခင်ယေရှုသည် ထွက်မြောက်ရာကျမ်း၏ နောက်ကွယ်မှ နိယာမများကို ပြန်ကြည့်ရန် ကျွန်ုပ်တို့ကိုဖိတ်ခေါ်ခြင်းသည် အပြစ်ကို မကျူးလွန်ရုံနှင့် လုံလောက်သည်မဟုတ်၊ သင်ကိုယ်တိုင်အပြစ်ကို မကျူးလွန်လိုသောဆန္ဒ ရှိရန်လိုသည်။ ဆိုလိုသည်မှာ၊ သခင်ယေရှုသည် ကျွန်ုပ်တို့၏အပြုအမူတွင်သာမက ကျွန်ုပ်တို့၏အကျင့်စာရိတ္တဥ္စဉ်၊ ကျွန်ုပ်တို့၏လုပ်ဆောင်မှုတွင်သာမက ကျွန်ုပ်တို့မည်သူဖြစ်သည်ကိုလည်း စိတ်ဝင်စားပါသည်။ ထို့ကြောင့်ကိုယ်တော် သည် "ရှေးပညတ်စကားကို သင်တို့ကြားရပြီ" ဟုဆိုသည်။ ယေရှုက သင်သည် သတ်လိုသောဆန္ဒရှိသည်မဟုတ်ဆိုသည်...ထို့ကြောင့် ပညတ်တရား၏အဓိက အချက်ကို ကြည့်သည်။ သူသည် နိယာမကို ရှာဖွေသည်၊ ထိုနိယာမသည် ယဉ်ကျေးမှုအကူးအပြောင်းဖြစ်ပြီး ကျွန်ုပ်တို့ကို ဘုရားသခင်အလိုရှိသည့်အရာကို တောင့်တလိုချင်ရန် ဖိတ်ခေါ်ကာ၊ ကျွန်ုပ်တို့၏စိတ်နှလုံးကို ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့်၊ ကျွန်ုပ်တို့တွင်ရှိသော သူ၏နိုင်ငံတော်၏တန်ခိုးဖြင့် ပြောင်းလဲသောအခါမှသာ ကျွန်ုပ်တို့လုပ်ဆောင်နိုင်သည်။
>
> **ဒေါက်တာ Craig S. Keener**

ယေရှုနှင့် အခြားဆရာများသည် သမ္မာကျမ်းစာကို ရည်ညွှန်းသောအခါ "ရေးထားသည့်" အကြောင်းအရာကို သာမာန်အားဖြင့် ပြောဆိုကြသည်။ သို့သော် မဿဲ ၅:၂၁-၂၂ တွင်၊ ယေရှုသည် "ရေးထားသောအရာ" မဟုတ်ဘဲ "မိန့်တော်မူသည်" အကြောင်းကို ပြောဆိုခဲ့သည်။ ဤသည်မှာ ရေးထားသောအရာနှင့် ပတ်သက်၍ ဂျူးဆရာများပြောခဲ့သည့် ဘုံနည်းလမ်းတစ်ခုဖြစ်သည်။ ဓမ္မဟောင်းကျမ်းကို ခက်ခဲစေသော၊ ဓမ္မဟောင်းကျမ်း၏မူလအဓိပ္ပာယ်မှ လွဲသွားစေသော ထင်ရှားသောဓမ္မဟောင်းကျမ်းဆိုင် ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ယေရှုသည်ငြင်းဆိုခဲ့သည်။

ဤအသေးစိတ်ဖော်ပြချက်သည် ရှင်းလင်းချက်ထက်ကျော်လွန်သွားသောကြောင့် ပညတ်တော်၏ မူလအဓိပ္ပာယ်ကို ချဲ့ထွင်ခြင်းဖြစ်သည်။ ၎င်းသည် ပညတ်တော်ရှိ စကားလုံးများ၏အဓိပ္ပါယ်ကို ရှင်းပြရုံမျှ သာ မဟုတ်ပါ။ ယင်းအစား၊ ဘုရားသခင့်ဗျာဒိတ်တော်၏ ကျယ်ပြန့်သောအကြောင်းအရာအတွင်း ပညတ် တော်၏မူလရည်ရွယ်ချက်ကို ဖော်ပြသည့်နည်းလမ်းများဖြင့် ပညတ်တော်အပေါ် ခံယူရန် အခြားကျမ်းပိုဒ် များမှ ထပ်လောင်းအချက်အလက်များကို ယူဆောင်လာခဲ့သည်။ ဤနောက်ခံမြင်ကွင်းကို ရှုမြင်ပြီး လူသတ်မှုကိုဆန့်ကျင်သည့် ပညတ်သည် လူသားမျိုးနွယ်အပေါ် ဘုရားသခင်၏ဂရုစိုက်မှုကို ဖော်ပြရန် အမြဲရည်ရွယ်ထားကြောင်း၊ ၎င်း၏မူလသက်ရောက်မှုများသည် လူသတ်မှုကို တားဆီးခြင်းထက် ကျော်လွန်ကြောင်း ယေရှု ထောက်ပြခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဘုရားသခင်သည် ထွက်မြောက်ရာကျမ်းတွင် လူသတ်ခြင်းကို သေချာပေါက် တားမြစ်ထားပြီး၊ ယေရှုက တောင်ပေါ်တရားဒေသနာတွင် ထိုပညတ်ချက်ကို မိန့်ကြားသောအခါ၊ ၎င်းသည် "စိတ်နှလုံး၏အပြစ်များ" ဟုခေါ်သည့် မုန်းတီးမှုနှင့် အမျက်ဒေါသဖြစ်သည်ဟု ဆက်လက်မိန့်တော်မူခဲ့သည်။ ယခု၎င်းတွင် မည်သည့် အရာဖြစ်ပျက်သည်ကို ရှင်းပြဖို့ရန် နည်းလမ်းများစွာရှိနေပြီဖြစ်သည်။ ထိုမူလပညတ်ချက်ဖြင့် ယေရှုသည်မည်သည့်အရာကို လုပ်ဆောင်သနည်း။ အချို့က ကိုယ်တော်သည် ၎င်းကိုဘေးဖယ်ထားပြီး အသစ်တစ်ခုကို မိတ်ဆက်ပေးနေသည်ဟု ဆိုသည်။ အချို့က ထွက်မြောက်ရာကျမ်းတွင် ပေးထားသည့် ပညတ်ချက်သည် ရိုးရှင်းသော်လည်း၊ ယခု ယေရှုသည် ကွဲလာကာထိုထွက်မြောက်ရာကျမ်းပညတ်တွင် မပါဝင်သော၊ ကြိုမမြင်နိုင်သောအရာနှင့် လုံးဝအသစ်သောအရာတစ်ခုကို ပေါင်းထည့်နေပြီး သူသည်ပညတ်တရားအတွင်း၌ ပါဝင်နေသည်။ ယေရှုသည် အသစ်အဆန်း တစ်ခုခုကို ပြောနေခြင်းမဟုတ်ဟု ဆိုခြင်းသည် အကောင်းဆုံး ချဉ်းကပ်မှုဖြစ်သည်ဟု ကျွန်ုပ်ထင်သည်၊ သို့သော် သူသည် ပညတ်ချက် ရှိပြီးသားအရာကို ထုတ်ဖော်ပြနေခြင်းဖြစ်သည်။ ဥပမာအားဖြင့်၊ သင်သည် Decalogue, "တပ်မက်ခြင်းမရှိရ"ဟူသော ဒသမပညတ်ကို ကြည့်သောအခါ ၎င်းသည်သက်သေအထောက်အထားဖြစ်သည်ဟု ထင်ပါသည်။ ၎င်းသည် နှလုံးသားနှင့် နှလုံးသား၏အပြစ်များကို ဖော်ပြပေးသည့် ပညတ်ချက်တစ်ခု ဖြစ်သည်။ ထို့ပြင်၊ ၎င်းသည် Decalogue တစ်ခုလုံး၏ သော့ချက်တစ်ခုအနေဖြင့် ရည်ရွယ်ခြင်းသည် Decalogue ၏ပညတ်ချက်များကို ပြင်ပအပြုအမူများကိုသာ ဖော်ပြဖို့သာမက စိတ်နှလုံး၏လုပ်ဆောင်ချက်များ၊ စိတ်နှလုံး၏အပြစ်များ၊ အပြုအမူများကို အရင်းခံထားသည့် စိတ်နှလုံး၏သဘောထားများကိုပါ ဖော်ပြရန်လည်း ရည်ရွယ်ပါသည်။ ထို့ကြောင့် တောင်ပေါ်တရားဒေသနာတွင် သခင်ယေရှုပြုသောအရာသည် ကိုယ်တော်သည် တရားတော်ကိုရည်ရွယ်ချက် အပြည့်ဖြင့်ပြန်လည်တည်ဆောက်ကာ၊ သမိုင်းတွင်းမှ အကျင့်ပျက်ခြစားမှုများကို သုတ်သင်ရှင်းလင်းနေချိန်၌ပင်၊ ထိုအမိန့်တော်များကို ဘုရားသခင့်လူမျိုးတော် ၏အသက်တာတွင် ဖတ်ရှုခြင်းဖြစ်သည်။ ထို့ကြောင့် သခင်ယေရှုသည် ကျွန်ုပ်တို့အား ပညတ်တရား၏စစ်မှန်သောရည်ရွယ်ချက်ကိုပေးပြီး ပညတ်တရား၏ပြည့်စုံမှုကို ပြသနေပါသည်။

**ဒေါက်တာ Guy Waters**

ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကို များများလေ့လာလေ၊ သမ္မာကျမ်းစာကိုယ်တိုင်သည် အကြိမ်ကြိမ်အသေးစိပ်ဖော်ပြထားသည်ကို ကျွန်ုပ်တို့ ပို၍သိမြင်လာလေဖြစ်သည်။ ပရောဖက်များနှင့် ဆာလံဆရာများသည် မောရှေ၏ပညတ်ကို ပုံမှန်ကိုးကားခဲ့ကြသည်။ ယေရှုသည် ဓမ္မဟောင်းကျမ်းကို အစဉ်အမြဲကိုးကားခဲ့သည်။ ဓမ္မသစ်ကျမ်းရေးသူများသည်လည်း အကြိမ်ကြိမ်တူညီစွာလုပ်ခဲ့ကြသည်။ တစ်ခါတရံ၊ ကျမ်းစာရေးသူများ၏ ကောက်ချက်ချပုံကို ကျွန်ုပ်တို့နားလည်ရန်ခက်ခဲနိုင်သည်။ သို့သော် ဖြစ်ရပ်တစ်ခုစီတွင်၊ သမ္မာကျမ်းစာ၏ အသေးစိပ်ဖော်ပြချက်များသည် ၎င်းတို့ကို အကြိမ်ကြိမ် ပြုလုပ်ခြင်း၊ ၎င်းတို့၏မူလအဓိပ္ပာယ်ကို ချဲ့ထွင်ခြင်းဖြင့်ပင် ကျမ်းစာ၏အခြားအစိတ်အပိုင်းများကို အတည်ပြုပေးသည်။ သူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏မှုတ်သွင်းမှုအောက်တွင် ဤအရာအားလုံး ကို လုပ်ဆောင်ခဲ့သည်။ ထို့အတွက်ကြောင့် ကျွန်ုပ်တို့သည် သမ္မာကျမ်းစာ၏အဓိပ္ပာယ်ကို လေ့လာသော အခါ၊ သမ္မာကျမ်းစာကိုယ်တိုင် အသေးစိတ်ဖော်ပြသည့်နေရာအားလုံးကိုကျွန်ုပ်တို့အသိအမှတ်ပြုကာ နာခံရမည်ဖြစ်သည်။

သမ္မာကျမ်းစာ၏တန်ဖိုးအပြည့်အစုံနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ဆွေးနွေးချက်တွင် ယခုအချိန် အထိ မူလအဓိပ္ပာယ်နှင့် ကျမ်းစာဆိုင်ရာအသေးစိတ်ဖော်ပြချက်များကို ကျွန်ုပ်တို့ကြည့်ရှုထားပြီးဖြစ် သည်။ ထို့ကြောင့်၊ ယခု ကျွန်ုပ်တို့သည် ကျမ်းစာကျမ်းပိုဒ်မှဆွဲယူနိုင်သော အမိန့်တော်နှင့်အညီကျင့်သုံးမှု များကို အာရုံစိုက်ရန် အသင့်ဖြစ်နေပြီဖြစ်သည်။

## အမိန့်တော်နှင့်အညီကျင့်သုံးမှုများ

ကျွန်ုပ်တို့သည် ကျင့်သုံးမှုများကို အောက်ပါအတိုင်း သတ်မှတ်ပါမည်_

> ကျမ်းပိုဒ်တစ်ခု၏မူလအဓိပ္ပာယ်နှင့် ကျမ်းစာဆိုင်ရာအသေးစိတ်ဖော်ပြချက်များ သည် ၎င်းတို့၏ပရိသတ်များအပေါ်တွင် ရှိသင့်သည့် သဘောတရား၊ အပြုအမူနှင့် စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုများ ဖြစ်သည်။

မူလအဓိပ္ပာယ်နှင့် ကျမ်းစာဆိုင်ရာအသေးစိတ်ဖော်ပြချက်များသည် မှုတ်သွင်းခြင်းခံထားပြီး၊ ခေတ်တိုင်းတွင် ယုံကြည်သူအားလုံးအပေါ် အခွင့်အာဏာအပြည့်ရှိသည်။ ထို့ကြောင့် သမ္မာကျမ်းစာ၏ ကျင့်သုံးမှုအားလုံးသည် သမ္မာကျမ်းစာ၏မူလအဓိပ္ပာယ်နှင့် အသေးစိတ်ဖော်ပြချက်များမှ ဆင်းသက် လာပြီး ကိုက်ညီရမည်ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့၏ကျင့်သုံးမှုများကို ဘုရားသခင်မှုတ်သွင်းထားခြင်း မဟုတ်ပါ။ ကျွန်ုပ်တို့သည် အမှားများပြုလုပ်ကြပြီး၊ ကျွန်ုပ်တို့၏ကျင့်သုံးမှုများသည် အမြဲတမ်း ပြုပြင် မွမ်းမံမှုများနှင့် တိုးတက်မှုတို့အပေါ် မူတည်ပါသည်။ မည်သို့ပင်ဆိုစေကာမူ၊ ကျွန်ုပ်တို့၏ကျင့်သုံးမှု အတိုင်းအတာသည် သမ္မာကျမ်းစာနှင့်ကိုက်ညီပြီး၊ ၎င်းတို့သည် သမ္မာကျမ်းစာအတွက် ဘုရားသခင် ရည်ရွယ်ထားသောအသုံးပြုမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်သောကြောင့် သမ္မာကျမ်းစာ၏ ပြည့်ဝသောတန်ဖိုး ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

၁၆၈၉ ခုနှစ်အတွင်း ထင်ရှားသောပရိုတက်စတင့်တစ်ဦး၏ The *London Baptist Confession of Faith* မှသမ္မာကျမ်းစာအယူဝါဒအကျဉ်းချုပ် အခန်း ၁၊ အပိုင်း ၁၀ တွင်ဤအယူအဆကို ဖော်ပြသည်-

> တရားသူကြီးချုပ်သည် ဘာသာရေးဆိုင်ရာ အငြင်းပွားမှုများအားလုံးကို အဆုံးအဖြတ်ပေးသည်။ ကောင်စီများ၏အမိန့်များ၊ ရှေးကျမ်းရေးသူများ၏ ထင်မြင်ယူဆချက်များ၊ လူတို့၏ ခံယူချက်များနှင့် ကိုယ်ပိုင်စိတ်ဝိဉာဉ်များ အားလုံးကို ဆန်းစစ်သည်။ ကျွန်ုပ်တို့သည် မည်သူ့စီရင်ချက်တွင် ခံယူရမည်နည်း၊ သမ္မာကျမ်းစာ၌ ဖော်ပြတော်မူသော သန့်ရှင်းသောဝိညာဉ်တော်မှတပါး အခြားမရှိနိုင်ပါ။

ပရိုတက်စတင့်အသင်းတော်များအားလုံးနီးပါးသည် သမ္မာကျမ်းစာကို လူသား၏အဓိပ္ပာယ်ဖွင့်ဆိုမှု နှင့် ကျင့်သုံးမှုတို့သည် မှားယွင်းကြောင်း အသိအမှတ်ပြုကြသည်။ ထို့ကြောင့် လူသားအာဏာပိုင်များ သည် အမိန့်တော်နှင့်ညီသော်လည်း၊ ၎င်းတို့သည် သမ္မာတရား၏အဆုံးစွန်သော တရားသူကြီးများ မဖြစ်နိုင်ပေ။ ကျွန်ုပ်တို့၏အသက်တာတွင် သမ္မာကျမ်းစာကို ကျင့်သုံးခြင်းသည် လိုအပ်သော်လည်း၊ ကျွန်ုပ်တို့၏ကျင့်သုံးမှုများကို အမှားကင်းသောသမ္မာကျမ်းစာကဲ့သို့ မဆက်ဆံသင့်ပါ။

> ကျွန်ုပ်တို့ဟောပြောသောအခါတွင်ဖော်ပြချက်တစ်ခု— ရှင်းလင်းချက်တစ်ခု— နှင့်ကျင့်သုံးမှုတစ်ခုရှိသည်။ ဘုရားသခင့်နှုတ်ကပတ်တော်၏အဓိပ္ပါယ်သည် တစ်ခုတည်းဖြစ်သင့်သည်၊ ကျမ်းပိုဒ်၏အဓိပ္ပာယ်သည် တစ်ခုတည်းဖြစ်သင့်ပြီး ရာစုနှစ်များတစ်လျှောက်လုံး အတူတူပင်ဖြစ်သင့်သည်။ သို့သော်နောက်ပိုင်း၊ ကျမ်းပိုဒ်၏ အကြောင်းအရာကိုကြည့်သောအခါ မနေ့နှင့် ယနေ့အတွက် မတူညီသောကျင့်သုံးမှုများရှိနိုင်ပါသည်။ ၎င်းသည်စံနှုန်းကွဲလွဲမှု မဟုတ်ပါ။ ၎င်းသည် ကျင့်သုံးမှု၏ရိုးရှင်းသောကွာခြားချက်ဖြစ်သည်။
>
> **ဒေါက်တာ Miguel Nunez**

> သမ္မာကျမ်းစာကို အနက်ဖွင့်ဆိုချက်တစ်ခုသာ ရှိနိုင်သည်။ ယင်းအနက်မှ ကျင့်သုံးမှုများစွာကို ကျွန်ုပ်တို့ ရနိုင်သော်လည်း၊ ကျင့်သုံးမှုသည် အဓိပ္ပာယ် ဖွင့်ဆိုချက်တွင် မှန်ကန်နေရပါမည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ရည်ရွယ်ထားသော ထိုကျမ်းပိုဒ်သို့မဟုတ် ကျမ်းချက်၏အဓိပ္ပာယ်ကို ဖော်ထုတ်ရန် သို့မဟုတ် ကျွန်ုပ်တို့၏ကိုယ်ပိုင်ထင်မြင်ချက်များနှင့် ကိုယ်ပိုင်အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ကိုယ်ပိုင်အတွေးအမြင်များနှင့် မည်သည့်အရာဆိုလိုသည်ကိုနိဂုံးချုပ်ရန် အစဉ်ကြိုးပမ်းရမည်ဖြစ်သည်။ ၎င်းမှ သင်သည်အလွန်မှားယွင်းသော

> ကျင့်သုံးမှုများရနိုင်သည်၊ ၎င်းသည်သင်သင်ကြားနေသော သို့မဟုတ် ဟောပြောနေသောလူများကို အန္တရာယ်ဖြစ်စေနိုင်သည်...ထို့ကြောင့် အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ကျင့်သုံးမှုတွင် မှန်ကန်ရမည်။ ကျင့်သုံးမှုသည် အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီရမည်။
>
> **— Rev. Thad James, Jr.**

အမိန့်တော်နှင့်အညီကျင့်သုံးမှုများသည် သမ္မာကျမ်းစာ၏ပြည့်ဝသောတန်ဖိုး၏တစ်စိတ်တစ်ပိုင်း ဖြစ်ကြောင်း မှတ်သားထားလျှက်၊ ကျွန်ုပ်တို့သည် *Heidelberg Catechism* မှကိုယ်စားပြုသော အခြားသောပရိုတက်စတင့်ရိုးရာဓလေ့သည် လူသတ်မှုဆန့်ကျင်ရေးပညတ်ကို မည်သို့ကျင့်သုံးသည်ကို ကြည့်ကြ ပါစို့။ ကျမ်းစာသွန်သင်ချက်၏ အထောက်အကူဖြစ်သော်လည်း အမှားအယွင်းမရှိသော အကျဉ်းချုပ်ကို ပေးရန်အတွက် ဤဓမ္မပုစ္ဆာအမေးအဖြေသည် တစ်ဆယ့်ခြောက်ရာစုဥရောပတွင် ရေးသားခဲ့ခြင်းဖြစ် သည်။ Heidelberg Catechism ဓမ္မပုစ္ဆာအမေးအဖြေ၏မေးခွန်းနံပါတ် ၁၀၅ တွင်မေးသည်မှာ_

> ဆဋ္ဌမပညတ်တော်တွင် သင့်အတွက် ဘုရားသခင်၏အလိုတော်ကား အဘယ်နည်း။

Catechism ဖြေဆိုသည်မှာ_

> ကျွန်ုပ်သည် ကိုယ်နှင့်စပ်ဆိုင်သောသူကို ကျွန်ုပ်၏အကြံအစည်၊ ကျွန်ုပ်စကားလုံး၊ ကိုယ်ဟန်အမူအရာ၊ အမူအကျင့်အားဖြင့် နှိမ့်ချစော်ကားရန်၊ မုန်းတီးရန်မလို၊ အခြားသူများ၌လည်း ဤအမှုကို ပြုရန်မလိုပါ၊ လက်စားချေလိုသော ဆန္ဒရှိသမျှကို ကျွန်ုပ်ပယ်ရှားရပါမည်။ မိမိကိုယ်ကို ထိခိုက်နစ်နာစေရန် သို့မဟုတ် အန္တရာယ်ဖြစ်စေရန် မဆင်မခြင်မပြုရပါ။

မဿဲ ၅ တွင် ယေရှု၏အသေးစိတ်ဖော်ပြချက်များနှင့် ရောမ ၁၂ တွင် လက်စားချေခြင်းအကြောင်း ပေါလု၏သွန်သင်ချက်အပါအဝင် ကျမ်းစာဆိုင်ရာအသေးစိတ်ဖော်ပြချက်များစွာဖြင့် လူသတ်မှုကိုဆန့် ကျင်သည့်ပညတ်ကို Catechism သည်အနက်ပြန်ဆိုသည်။

ကျွန်ုပ်တို့မြင်သည်အတိုင်း၊ ရိုးရှင်းသောပညတ်၏ပြည့်ဝသောတန်ဖိုးဖြစ်သည့် "မသတ်နှင့်"သည် အလွန်နက်နဲရှုပ်ထွေးပြီး အမြင်ပေါင်းစုံရှိနိုင်ပါသည်။ သခင်ယေရှုနှင့် ပေါလုတို့နောက်တွင်၊ *Heidelberg Catechism* ရေးသူများသည် ဤပညတ်တော်ကို လူ့အသက်ကို မတရားယူရုံသာမက မုန်းတီးမှုနှင့် စော်ကားမှုကဲ့သို့သော အတိုင်းအတာတစ်ခုအထိမဟုတ်ပါက လူသတ်မှုနှင့် ဆင်တူသည့်အရာအားလုံးကို တရားဝင်ကျင့်သုံးခဲ့ကြသည်။ ဤကဲ့သို့သော ကျင့်သုံးခြင်းများသည်

လူသတ်မှုကို တားမြစ်ခြင်း၏မူလ အဓိပ္ပာယ်အပြင် ၎င်း၏ ကျမ်းစာအသေးစိတ်ဖော်ပြချက်များအပေါ် အခြေခံထားပြီး၊ ၎င်းတို့သည် ကျွန်ုပ်တို့၏ ခေတ်ပြိုင်အခြေအနေများတွင် သင့်လျော်ပါသည်။ ဤအကြောင်းများကြောင့်၊ ၎င်းတို့သည် လူသတ်မှုဆန့်ကျင်ရေး ပညတ်တော်၏ ပြည့်ဝသောတန်ဖိုး၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

> "လူသတ်ခြင်းမပြုရ" ဟူသော ပညတ်တော်ကို အမိန့်တော်နှင့်အညီကျင့်သုံးရန် နည်းလမ်းများကား အဘယ်နည်း" ဟုသင်မေးလျှင်၎င်းသည် လူကိုမသတ်သင့်ဟု ဆိုလိုသည်မှာ ထင်ရှားသည်။ သို့သော် ထိုအမိန့်တော်သည် ဤမျှသာဖြစ်သည်ဟု ခန့်မှန်းရန် မလုံလောက်ပါ။ သခင်ယေရှုသည် တောင်ပေါ်တရားဒေသနာ၌ သင့်ညီအစ်ကိုကို အမျက်ထွက်လျှင် သတ်မိပြီဟု မိန့်တော်မူသည်။ ထို့နောက် ကျွန်ုပ်တို့၏အမျက်ဒေါသနှင့် လူတို့ကို မကျေမနပ်ဖြစ်နေခြင်းသည် ထိုပညတ် တရားကို ချိုးဖောက်နေကြောင်း သိမြင်ရန် တွန်းအားပေးပါလိမ့်မည်။ ထို့ကြောင့် ယနေ့ခေတ်တွင် လက်တွေ့ကျင့်သုံးခြင်းနှင့်ပတ်သက်၍၊ ပညတ်တော်ဆယ်ပါး သည် နက်ရှိုင်းစွာဆက်စပ်နေကြောင်း လူတို့သိမြင်ဖို့ကူညီပေးရန် အရေးကြီးသည် ဟု ထင်ပါသည်။ အကြောင်းမှာ ၎င်းတို့သည် ဘုရားသခင်အား ပြစ်မှားခြင်း၏ပြင်းထန်မှုကို နားလည်သဘောပေါက်ပြီး၊ ကျွန်ုပ်တို့၏ သေးငယ်သောလုပ်ဆောင်ချက်များသည် တပ်မက်ခြင်း သို့မဟုတ် ဒေါသဖြစ်စေ သို့မဟုတ် အခြားစိတ်ခံစားမှုများနှင့် စိတ်ထက်သန်မှုများပင်လျှင် စိတ်နှလုံးဆိုင်ရာအရေးကိစ္စတွင် ဘုရားသခင်သည်၎င်းတို့ကို မဖြေရှင်းခဲ့လျှင်၊ ဤမျှသာလွန်သွားနိုင်သည့် အလားအလာရှိသည်ကို ကျွန်ုပ်တို့အား အသိအမှတ်ပြုစေသည်။ ထို့ကြောင့် ထိုကျမ်းချက်ကိုကျင့်သုံးမှုသည် ပို၍ဆိုးရွား လာနိုင်သည့်ပြဿနာများကို မည်သို့ဖြေရှင်းရမည်ကို သိမြင်ရန် လူတို့ကို ကူညီပေးသင့်သည်။ တောင်ပေါ်တရားဒေသနာတွင် ယေရှုပြောခဲ့သည့် ပြဿနာများသည် လေးနက်နေဆဲပင်ဖြစ်သည်။

**ဒေါက်တာ Simon Vibert**

> တောင်ပေါ်တရားဒေသနာတွင်၊ ယေရှုသည် ကျွန်ုပ်တို့အား ပညတ်တရားနှင့် ဆိုင်သော ကိုယ်တော်၏အခွင့်အာဏာရှိသော သွန်သင်ချက်ကိုပေးပြီး၊ ကိုယ်တော်လုပ်သည့်အရာများထဲမှတစ်ခုသည် ပညတ်ချက်များကိုခံယူ၍ ၎င်းတို့ကို ယခင်အတိုင်း နက်နဲသောစိတ်နှလုံးအဆင့်သို့ တွန်းပို့ခြင်းဖြစ်သည်။ "လူအသက်ကို မသတ်ရဟူသော ရှေးပညတ်စကားကို သင်တို့ကြားရပြီ" ဟုကိုယ်တော် ပြောသောအခါ ၎င်းသည်မှန်ကန်ပါသည်။ သို့သော် ယေရှုသည်

> ၎င်းထက်ကျော်လွန်ပြီး ပညတ်တရား၏စစ်မှန်သောရည်ရွယ်ချက်ကို ကျွန်ုပ်တို့အား ပြသသည်။ ကျွန်ုပ်တို့သည် လူသတ်ရန်သာမက၊ လူသတ် စကားလုံးများ "လူမိုက်" ဟုပြောခြင်းနှင့် ညီမျှသော မုန်းတီးဖွယ်စကားများကိုပင် ကျွန်ုပ်တို့အား ကိုယ်တော်မိန့်တော်မူသည်။ သို့မဟုတ် ကျွန်ုပ်တို့သည် ညီအစ်ကိုကို မုန်းရန်မဟုတ်ပါ။ ထို့အပြင် ထွက်မြောက်ရာကျမ်းရှိပညတ်ချက်၊ ပညတ်တော်ဆယ်ပါးသည်၊ တစ်စုံတစ်ရာကို မလုပ်ဆောင်ခြင်း အတွက်သာဖြစ်ကြောင်း ကျွန်ုပ်တို့အား ကိုယ်တော်ပြသနေပါသည်။ ဤပညတ်ချက်များကို လေ့လာသောအခါ ကျွန်ုပ်တို့နားလည်သင့်သော လေးနက်သည့်ရည်ရွယ်ချက်ရှိကြောင်းကို ကိုယ်တော်ပြသနေပါသည်။ ထို့ကြောင့် ဤပညတ်ချက်များကို နားလည်ရန်နည်းလမ်းသည် ရိုးရှင်းသော တားမြစ်ချက် မဟုတ်သော်လည်း အပြုသဘောဆောင်သော ပညတ်တစ်ခုလည်းဖြစ်သည်။ ၎င်းသည် "လူမသတ်ရ" သာမဟုတ် "အသက်ကို မြှင့်တင်ပါ"ဟူ၍ဖြစ် သည်…ထို့ကြောင့် ယေရှုသည် ဓမ္မဟောင်းကျမ်း၏ အရေးကြီးသော အစိတ်အပိုင်းများကို ဖြိုဖျက်လိုက်သောအခါ၊ ၎င်းကိုအရာနှစ်ခုအထိ ဖြစ်စေသည်_ ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့ ချစ်ပြီး ကိုယ်နှင့်စပ်ဆိုင်သော သူကို ကျွန်ုပ်တို့ကိုယ်နှင့်အမျှ ချစ်ရန်လိုသည်။ ၎င်းသည် ပညတ်တရား၏စစ်မှန်သောရည်ရွယ်ချက်ကို ချစ်မြတ်နိုးရန် အပြုသဘောဆောင်သော မိန့်တော်မူချက်တစ်ခုဖြစ်သည်။

**ဒေါက်တာ Brandon Crowe**

ခေတ်သစ်ကမ္ဘာတွင်၊ ခရစ်ယာန်များသည် သမ္မာကျမ်းစာ၏လူသတ်ခြင်းအား တားမြစ်ချက်နှင့် ပတ်သက်သည့် ကိစ္စရပ်များအားလုံးကို ဝေဖန်ပိုင်းခြားရန် လိုအပ်သည်။ ကိုယ်ဝန်ဖျက်ချမှု၊ ငြိမ်သက်စွာ သေစေခြင်း၊ သတ်သေမှု၊ စစ်ပွဲ၊ ဆင်းရဲမွဲတေမှုနှင့် လူ့အသက်နှင့် ဂုဏ်သိက္ခာအတွက် အခြားသော ခြိမ်းခြောက်မှုများစွာကို ကျွန်ုပ်တို့ ရင်ဆိုင်ရမည်ဖြစ်သည်။ ကိစ္စရပ်တိုင်းတွင်၊ လူသတ်မှုကိုဆန့်ကျင်သည့် ပညတ်တော်သည် ကျွန်ုပ်တို့အပေါ်တွင် တာဝန်ပေးထားပါသည်။ ကျမ်းချက်အနက်ပြန်သူများအဖြစ် ကျွန်ုပ်တို့၏တာဝန်တစ်ခုမှာ ထိုတာဝန်များသည် မည်သည့်အရာဖြစ်သည်ကို ရှာဖွေဖော်ထုတ်ရန်ဖြစ် သည်။ ကျွန်ုပ်တို့လုပ်ဆောင်သည်နှင့်အမျှ၊ ကျွန်ုပ်တို့သည် ပညတ်တော်၏အဓိပ္ပာယ်အမှန်ကို ပိုမိုပြည့်စုံစွာ ဖော်ပြပါသည်။

# နိဂုံး

အနက်အဓိပ္ပါယ်၏ခက်ခဲနက်နဲခြင်းဆိုင်ရာ ဤသင်ခန်းစာတွင်၊ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာ၏ ပကတိသဘောကို ၎င်း၏ အနည်းကိန်း၊ သဒ္ဒါ-သမိုင်းဆိုင်ရာ အဓိပ္ပာယ်အဖြစ် ရှုမြင်ခြင်းအကြောင်းကို ဆွေးနွေးခဲ့ပြီး၊ ၎င်း၏မူလအဓိပ္ပာယ်ဖြင့် သမ္မာကျမ်းစာ၏ပြည့်ဝသောတန်ဖိုး၊ ကျမ်းစာအသေးစိတ် ဖော်ပြချက်များနှင့် အမိန့်တော်နှင့်အညီကျင့်သုံးမှုများကို ဖော်ပြထားပါသည်။

ဤသင်ခန်းစာတွင် ကျွန်ုပ်တို့မြင်တွေ့ရသည့်အတိုင်း၊ သမ္မာကျမ်း စာပိုဒ်တိုင်းတွင်နက်နဲရှုပ်ထွေး သော မူလအဓိပ္ပာယ်တစ်ခုရှိသည်။ ၎င်းသည် မူလပရိသတ်၏အယူအဆများ၊ အပြုအမူများနှင့် စိတ်ခံစား မှုများကို ပုံစံအမျိုးမျိုးဖြင့် ထိတွေ့နိုင်သောကြောင့်အလွန်နက်နဲရှုပ်ထွေးပါသည်။ သို့သော် ၎င်းထက်ကျော် လွန်၍၊ ဤနက်နဲရှုပ်ထွေးသော မူလအဓိပ္ပာယ်နှင့်ပတ်သက်၍ ပြုလုပ်ရမည့် အစိတ်အပိုင်း အကျဉ်းချုပ် များစွာရှိသည်။ မူလအဓိပ္ပာယ်သည် ကျွန်ုပ်တို့၏နားလည်မှုအတွက် အခြေခံအုတ်မြစ်ဖြစ်သော မမှားယွင်း နိုင်သော မူဘောင်တစ်ခုကို ပေးသည်။ သို့သော် သမ္မာကျမ်းစာ၏တန်ဖိုးကို အပြည့်အဝသိရှိနားလည်ရန်၊ ကျွန်ုပ်တို့သည် ကျမ်းစာဆိုင်ရာအသေးစိတ်ဖော်ပြချက်များတွင် လမ်းညွှန်မှုများကို ရှာဖွေရမည်ဖြစ်ပြီး၊ ယနေ့ကျွန်ုပ်တို့၏ကမ္ဘာအတွက် အမိန့်တော်နှင့်အညီကျင့်သုံးမှုများစွာကိုလည်း ပြုလုပ်ရမည်ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။